# ခေတ်ပြိုင်

## သတင်းလွှာ




အတွဲ(၄)၊အမှတ်(၂၆)။ ၂၀၁၀ ခုနှစ်၊ဇွန်လ(၁၁)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## မြန်မာ့စွမ်းအင်ကဏ္ဍ ဝေစုသစ်များရယူနိုင်ရန် အိန္ဒိယကုမ္ပဏီများပြင်ဆင်

အိန္ဒိယနိုင်ငံရှိ စွမ်းအင်ကုမ္ပဏီများသည် မြန်မာနိုင်ငံစွမ်းအင်ဖော်ထုတ်အသုံးချရေးကဏ္ဍတွင် ဝေစုသစ်များ ရယူနိုင်ရန် ပြင်ဆင်စီမံလျက်ရှိကြောင်း အိန္ဒိယနိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီကြီးတစ်ခုဖြစ်သော Oil India မှ ဦးဆောင်ညွှန်ကြားရေးမှူး အန်အမ်ဘိုရားက သတင်းထုတ်ပြန်သည်။ မြန်မာနိုင်ငံတွင် တူးဖော် အသုံးပြုရခြင်းမရှိသေးသော သဘာဝဓါတ်ငွေ့ ပမာဏကုဗပေ ၁၉ ထရီလီယံခန့်ရှိနေခြင်းသည် အိန္ဒိယရေနံနှင့် ဓါတ်ငွေ့ထုတ်လုပ်ရေးကုမ္ပဏီများ အတွက် မက်လုံးတစ်ခုဖြစ်နေကြောင်း၊ နိုင်ငံပိုင် GAIL နှင့် ONGC ကုမ္ပဏီတို့သည် မြန်မာနိုင်ငံကမ်းလွန်ရေနံနှင့် သဘာဝဓါတ်ငွေ့ထုတ်လုပ်မှုနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသော်ငြား လက်ရှိလုပ်ငန်းဆောင်ရွက်နိုင်မှုအတိုင်းအတာသည် ရည်မှန်းချက် ပြည့်စုံနိုင်သည့် အနေအထားမရှိဟု မိမိတို့ယူဆကြောင်း၊ ထို့ကြောင့် မိမိတို့ကုမ္ပဏီများသည် မြန်မာနိုင်ငံစွမ်းအင်နယ်ပယ်တွင် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့ ပြုလုပ်သွားရန် စီမံပြင်ဆင်နေကြောင်း အန်အမ်ဘိုရားက အိန္ဒိယမီဒီယာများသို့ ပြောကြားသည်။ GAIL နှင့် ONGC ကုမ္ပဏီတို့သည် မြန်မာနိုင်ငံကမ်းလွန်စွမ်းအင်လုပ်ကွက်များ၌စုစုပေါင်းအမေရိကန်ဒေါ်လာသန်း၁၃၃၀အထိ ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ မြန်မာ-အိန္ဒိယ ရေနံ၊ ဓါတ်ငွေ့ပိုက်လိုင်း စီမံကိန်းတစ်ရပ် အမြန်ဆုံး အကောင်အထည်ပေါ်လာရေးသည် မိမိတို့၏ ပဓာန ရည်မှန်းချက်တစ်ရပ်ဖြစ်ကြောင်း အဆိုပါဦးဆောင်ညွှန်ကြားရေးမှူးကဆိုသည်။ အိန္ဒိယအစိုးရအနေဖြင့် နိုင်ငံပြင်ပရှိစွမ်းအင်နယ်ပယ်များတွင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် ဆွေးနွေးသဘောတူထားပြီးဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၇ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံအပြောင်းအလဲ ရွေးကောက်ပွဲကလမ်းခင်းပေးနိုင်ဟု နိုင်ငံတကာပဋိပက္ခလေ့လာရေးအဖွဲ့ထုတ်ပြန်

ယနေ့မြန်မာနိုင်ငံတွင်အရေးတကြီးလိုအပ်နေသော လူမှုရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအတွက်ယခုနှစ်အတွင်းကျင်းပရန်ရှိသော၂၀၁၀ရွေးကောက်ပွဲသည်လမ်းခင်းပေးနိုင်သော အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံအခြေစိုက် နိုင်ငံတကာပဋိပက္ခလေ့လာစောင့်ကြည့်ရေးအဖွဲ့(ICG) ၏မေလ ၂၇ရက်နေ့စွဲဖြင့်ထုတ်ပြန်သော လေ့လာသုံးသပ်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယခုနှစ်အတွင်းကျင်းပရန်ရှိသည့် ရွေးကောက်ပွဲသည် ၂၀၀၈ခုနှစ်အခြေခံဥပဒေကိုအတည်ပြုရန်နှင့်မြန်မာနိုင်ငံ၏နိုင်ငံရေးအခင်းအကျင်းသစ်ကို ဖော်ဆောင်ရန်ဖြစ်သော်လည်း ပြောင်းလဲမှုများနှင့် နိုင်ငံရေးအခင်းအကျင်းသစ်ကို ဖော်ဆောင်နိုင်သည့် အခွင့်အရေးအချို့ရရှိကောင်းရရှိနိုင်မည် ဖြစ်ကြောင်း အဆိုပါ အဖွဲ့က သုံးသပ်တင်ပြထားသည်။ "မြန်မာနိုင်ငံခေါင်းဆောင်များနဲ့ နိုင်ငံတကာအဖွဲ့အစည်းများအကြားဆက်သွယ်မှုကိုလမ်းဖွင့်ပေးနိုင်ပါလိမ့်မယ်" ဟုနိုင်ငံတကာပဋိပက္ခစောင့်ကြည့်လေ့လာရေးအဖွဲ့အာရှဒေသဆိုင်ရာ ဒါရိုက်တာ Robert Templar ၏ပြောကြားချက်ကို ကိုးကား၍ ယင်းအစီရင်ခံစာတွင်ဖော်ပြသည်။ ICG ၏ သုံးသပ်မှုနှင့် ပတ်သက်၍ ပြည်တွင်းနိုင်ငံရေးလေ့လာသူတစ်ဦးက အဆိုပါ အယူအဆသည်ယခင် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာသန်းငြိမ်းတို့၏ National Democratic Force ပါတီဖွဲ့၍ ရွေးကောက်ပွဲဝင်သည့် အယူအဆနှင့်တိုက်ဆိုင်မှုရှိသည်ဟုလည်း သုံးသပ်ပြောကြားသည်။ ၂၀၁၀ပြည့်နှစ်ရွေးကောက်ပွဲကျင်းပအလွန်ကာလတွင်လူမှုရေးနှင့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအတွက် လမ်းခင်းပေးနိုင်သောကြောင့် အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးမခံသင့်ဟုလည်း ယင်းအစီရင်ခံစာကဆိုသည်။ ယခုနှစ်မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ရှိကြသည့် ပါတီအဖွဲ့အစည်းအတော်များများသည် ယင်းကဲ့သို့ယုံကြည်ကြကြောင်းနှင့် ၂၀၁၀ရွေးကောက်ပွဲအပြီး ဖြစ်ပေါ်လာမည့်အုပ်ချုပ်ရေး၊တရားစီရင်ရေးနှင့်ဥပဒေပြုရေးတို့အနက်အရပ်ဘက်ဆက်နွယ်သော ပါတီများသည် နိုင်ငံ၏ အပြောင်းအလဲအတွက် လိုအပ်မည့်ဥပဒေ များကိုဥပဒေပြုရေးဘက်မှ အခင်းအကျင်းတစ်ခုအနေဖြင့် ပါဝင်လာကြဖွယ်ရာရှိသည်။ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးကြား မြန်မာနိုင်ငံရွေးကောက်ပွဲနှင့် ပတ်သက်လျှင် အများစုကတောင်းဆိုမှုများနှင့် ပြုပြင်ပြောင်းလဲရေးကို အလေးပေးကြသော်လည်း ယခု ICG ၏ ချဉ်းကပ်မှုမှာ ပိုမိုလက်တွေ့ သဘောဆန်သည် ဟုပြည်တွင်းနိုင်ငံရေးအကဲခတ်အချို့ကဆိုကြောင်း ၂၀၁၀ခုနှစ်ဖွန်လ၇ရက်နေ့ထုတ် The Voice ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ထိုင်း၊ အိန္ဒိယနိုင်ငံများနှင့် ဖိုင်ဘာဆက်ကြောင်းများ ထပ်မံသွယ်တန်းမည်

အင်တာနက်ဆက်သွယ်မှုများမြန်ဆန်စေရေးနှင့် ဆက်သွယ်ရေးလုံးဝပြတ်တောက်ခြင်းမရှိစေရေးအတွက်အစိုးရပိုင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ထိုင်း၊အိန္ဒိယနှင့်မြန်မာနိုင်ငံအကြားတွင်နယ်စပ်ဖြတ်ကျော်ဖိုင်ဘာဆက်ကြောင်းလေးခုထပ်မံသွယ်တန်းမည်ဖြစ်ကြောင်းထိုလုပ်ငန်း၊သတင်းအချက်အလက်နှင့်နည်းပညာဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ လက်ရှိတွင် နယ်စပ်ဖြတ်ကျော်ဖိုင်ဘာဆက်ကြောင်း အနေဖြင့်ထိုင်း၊ တရုတ်နိုင်ငံများနှင့် ဆက်သွယ်ထားပြီး ထိုဆက်ကြောင်းများသည် Bandwidth capcity အားဖြင့် 10Gb (STM 64) စီရှိပြီး Microlink အဖြစ် 2.5Gb (STM 16)စီရှိသည်။ ယခုထပ်မံသွယ်တန်းမည့်ဖိုင်ဘာဆက်ကြောင်းများအဖြစ် မြန်မာနှင့်ထိုင်းအကြားတွင် မြဝတီဘက်မှ ဆက်ကြောင်းနှစ်လိုင်းထပ်မံသွယ်တန်းမည်ဖြစ်ပြီး မြန်မာနှင့် အိန္ဒိယအကြားတွင် တမူးဘက်မှ ဆက်ကြောင်း နှစ်လိုင်းသွယ်တန်းမည်ဖြစ်သည်။ အဆိုပါဆက်ကြောင်းများသည် Bandwidth capcity အားဖြင့် 155Mb (STM1) စီရှိမည်ဖြစ်ပြီး ထိုကဲ့သို့ နယ်စပ်ဖြတ်ကျော်သွယ်ဖိုက်ဘာဆက်ကြောင်း သွယ်တန်းခြင်းအားဖြင့် အင်တာနက်အမြန်နှုန်းများပိုမို မြန်ဆန်လာမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ "ဒီဆက်ကြောင်း တွေကို သွယ်တန်းပြီးရင် စတင်သုံးဖို့ကတော့ နှစ်လ၊သုံးလလောက်ကြာဦးမယ်။ ဒီဆက်ကြောင်းတွေကို ထပ်သွယ်ထားတော SEA-ME-WE 3 ရေအောက်ကေဘယ်လ်ပြတ်သွားလည်း အင်တာနက်ပြတ်သွားတာမျိုးမဖြစ်နိုင်တော့ဘူး"ဟု ၎င်းကပြောကြားသည်။ မြန်မာ့ဆက်သွယ်ရေးမှ ထုတ်ပြန်သော တရားဝင်အချက်အလက်များအရ မြန်မာနိုင်ငံတွင် ပြည်ပဆက်သွယ်ရေးဆက်ကြောင်းအနေဖြင့် ဂြိုဟ်တု၊ ဖိုင်ဘာ၊ ရေအောက်ကေဘယ်လ်နှင့် နယ်စပ်ဖြတ်ကျော် ဆက်သွယ်ရေးစနစ်များရှိပြီး အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးချန်နယ်ပေါင်း ၂,၆၂၂ ခုရှိကြောင်း ၂၀၁၀ခုနှစ်ဖွန်လ ၁၀ရက်နေ့ထုတ် Internet ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဖုန်းများတွင် SMS စနစ်အတွက် Message Center နံပါတ်တစ်ခုသာ အသုံးပြုနိုင်တော့မည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဝန်ဆောင်မှုတစ်ခုဖြစ်သော Message ဆက်သွယ်မှုစနစ်တစ်ခုဖြစ်သည့် SMS စနစ်အား အသုံးပြုရာတွင် ယခင်ကဲ့သို့ Message Center နံပါတ်နှစ်ခုဖြင့် အသုံးပြုရန်မလိုအပ်တော့ပဲ ဖုန်းများအားလုံးအတွက် Message Center နံပါတ်တစ်မျိုးတည်းဖြင့် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ ယခင်က အသုံးပြုခဲ့ကြသော Message Center နံပါတ်များဖြစ်သည့် 9595910003 နှင့် 95959920003 များနေရာတွင် ယခုအခါ Message Center နံပါတ်အသစ်ဖြစ်သည့် 9595930003 အားအစားထိုးအသုံးပြုကြရမည်ဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့ ပြုလုပ်ပေးရခြင်းမှာ မိုဘိုင်းဖုန်း Message စနစ်အသုံးပြုသူများအတွက် Message Center နံပါတ်တစ်မျိုးတည်းဖြင့် အဆင်ပြေစွာအသုံးပြုနိုင်ရန် ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့ အရင်ကသုံးနေတဲ့ Message Center နံပါတ်တွေကို ပိတ်လိုက်ပါပြီ။ ခုဆိုရင်တော့ အရင်လို Center နံပါတ်တွေကွဲမနေတော့ပဲနဲ့ GSM ဖုန်းအားလုံးအတွက် Message Center နံပါတ်ကို တစ်မျိုးတည်းနဲ့ အသုံးပြုနိုင်ဖို့အတွက် စီစဉ်ပေးထားပါတယ်။ အဲဒီလိုလုပ်လိုက်တဲ့အတွက်လည်း Message တွေက Center နံပါတ်လွဲမှားနေတာမျိုးတွေနဲ့ မှားယွင်းရောက်ရှိတာမျိုးတွေကို အဆင်ပြေသွားနိုင်မှာပါ" ဟုမြန်မာ့ဆက်သွယ်ရေးမှတာဝန်ရှိသူအင်ဂျင်နီယာမှူးတစ်ဦးက ပြောပြသည်။ မိုဘိုင်းဖုန်းအသုံးပြုသူများမှ ပြောပြရာတွင် "ကျွန်တော်တို့ဖုန်းတွေမှာ ပြီးခဲ့တဲ့မေလ ၂၆ရက်နေ့လောက်ကစပြီး Message ပို့တာ ပို့လို့မရဘူးဖြစ်နေပါတယ်။ဒါပေမယ့် မေလ ၂၈ရက်နေ့မှာ ကျွန်တော့်ဖုန်းထဲကိုမြန်မာ့ဆက်သွယ်ရေးကနေပြီးတော့ Messageတစ်စောင်ဝင်လာပါတယ်။အဲဒီမှာအသစ်အသုံးပြုရမယ့် Message Center နံပါတ်ကိုတစ်ပါတည်းဖော်ပြပေးထားပါတယ်။ ခုတော့ အဆင်ပြေသွားပါပြီ" ဟု ပြောပြခဲ့သည်။ ယင်းကဲ့သို့ Message Center တစ်မျိုးတည်းဖြင့်အသုံးပြုခြင်းဖြင့် SMS Message ပို့သူများအတွက် Message Center နံပါတ်များလွဲမှားနေခြင်းအခက်အခဲများအား ဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး message များကိုလည်း အမှားအယွင်း မရှိဘဲ အလွယ်တကူပို့နိုင်မည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၁၀ရက်နေ့ထုတ် Internet ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း မှ အဆက်

## ကြိုတင်ငွေပေးကတ်စနစ်ဖြင့် ဒီဂျစ်တယ်မီတာပုံးများ ပြည်တွင်း၌ ထုတ်လုပ်မည်

ကြိုတင်ငွေပေးကတ်စနစ်ဖြင့် အသုံးပြုရမည့် ဒီဂျစ်တယ်မီတာပုံးများကို ပြည်တွင်း၌ စတင်ထုတ်လုပ်တော့မည်ဖြစ်ကြောင်း ၁-၆-၁၀ ရက်က သိရသည်။ အဆိုပါမီတာပုံးများကို ပြည်တွင်းနည်းပညာအများအပြား ထုတ်လုပ်မည့် ရတနာပုံဆိုက်ဘာစီးတီးမှ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ရတနာပုံဆိုက်ဘာစီးတီးရှိ နည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သော Fisca Enterprise က ၎င်း ဒီဂျစ်တယ်အိမ်သုံးလျှပ်စစ်မီတာပုံးများကို ထုတ်လုပ်နေကြောင်း ရတနာပုံတယ်လီပို့မှ စုံစမ်းသိရှိရသည်။ ၎င်းစနစ်မှာ ဒီဂျစ်တယ်မီတာပုံးထားရှိပြီး ကြိုတင်ငွေပေးချေကတ် (Prepaid Card) စနစ်ဖြင့် အသုံးပြုရမည်ဖြစ်ကြောင်း၊ ဒီဂျစ်တယ် အိမ်သုံးလျှပ်စစ်မီတာပုံးများဖြစ်၍ ကြိုတင်ငွေပေးချေကတ်ကို ဖုန်းကတ်များဝယ်ယူသုံးစွဲသကဲ့သို့ အသုံးပြုသွားရမည်ဖြစ်ကြောင်း သိရသည်။ ၎င်းဒီဂျစ်တယ် အိမ်သုံးလျှပ်စစ်မီတာပုံးများအား ရတနာပုံဆိုက်ဘာစီးတီး အခြေစိုက် Fisca Enterprise အောက်ရှိ Pan Myanmar ကုမ္ပဏီကထုတ်လုပ်သွားမည်ဖြစ်ပြီး တရုတ်နိုင်ငံနည်းပညာကို အခြေခံသွားမည်ဖြစ်ကြောင်း သိရသည်။ မီတာတွင် ကတ်စနစ်ဖြင့် အသုံးပြုမည်ဖြစ်၍ Prepaid Card တန်ဖိုးကုန်ဆုံးတော့မည်ဆိုပါက အချက်ပေးမည်ဖြစ်ကြောင်း၊ ၎င်းဒီဂျစ်တယ် အိမ်သုံးလျှပ်စစ်မီတာ သုံးစွဲခြင်းဖြင့် မီတာခသွားရောက်ဆောင်စရာမလိုတော့ကြောင်း သိရသည်။ လက်ရှိ ရတနာပုံ ဆိုက်ဘာစီးတီးတွင် ၎င်းလုပ်ငန်းများအပြင် ဖိုင်ဘာကေဘယ်လ်စက်ရုံများ၊ မိုဘိုင်းဖုန်းစက်ရုံများ လည်ပတ်လျက်ရှိပြီး ဆက်သွယ်ရေးလုပ်ငန်းများကိုလည်းတိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ရတနာပုံတယ်လီပို့ကို နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး စက်ရုံလုပ်ငန်းများ၊ နည်းပညာလုပ်ငန်းများအပြင် လူ့စွမ်းအား အရင်းအမြစ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများ၊ နိုင်ငံတကာ အသိအမှတ်ပြုသင်တန်းများကိုလည်း သင်ကြားပေးခြင်းများရှိကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁၀ရက်နေ့ထုတ် ပြည်မြန်မာ ဂျာနယ်တွင် ဖော်ပြထားပါသည်။

## တစ်နိုင်ငံလုံးတွင် ဖုန်း၊ အင်တာနက်နှင့် ရုပ်မြင်သံကြား ကြည့်နိုင်သည့် ဖုန်းလိုင်းတစ်သိန်း ချပေးမည် ပြည်တွင်းမှ GSM ဖုန်းကတ်များကို အရှေ့တောင်အာရှနိုင်ငံများတွင် အသုံးပြုနိုင်ရန် စမ်းသပ်နေ

တယ်လီဖုန်း၊ ရုပ်မြင်သံကြား၊ အင်တာနက်သုံးမျိုးရရှိပြီး FTTH (Fiber To The Home) ဟုခေါ်ဆိုသော GPON (Gigabite Passive Optical Network)နည်းစနစ်သုံးလက်ကိုင်ဖုန်းများ မြန်မာတစ်နိုင်ငံလုံးတွင် လိုင်းပေါင်းတစ်သိန်းချထားပေးသွားမည်ဖြစ်ပြီး GSM ဖုန်းများကို မြန်မာနိုင်ငံပြင်ပ၊အရှေ့တောင်အာရှနိုင်ငံများကိုပါယူဆောင်ပြောဆိုနိုင်ရန်လည်း စမ်းသပ်လျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၁-၆-၁၀ ရက်တွင် သိရှိရသည်။ လက်ရှိ GPON စနစ်အား ရတနာပုံဆိုက်ဘာစီးတီးအနီးရှိ ပြင်ဦးလွင်၊ မန္တလေးနှင့် ရန်ကုန်တို့တွင် စတင်ချထားပေးနိုင်ပြီး ငွေကျပ်ကိုးသိန်းဝန်းကျင် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ “ ရန်ကုန်မှာ စတင်ချထားပေးတော့မယ်။ အဆင့်မြင့်ကွန်ဒိုတွေ၊ တိုက်ခန်းတွေမှာ အရင်ချပေးမယ်။ တဖြည်းဖြည်းနဲ့ network ချဲ့သွားမယ်။ ” ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ၎င်း GPON စနစ်သုံး လက်ကိုင်ဖုန်းများအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် Fortune International ကုမ္ပဏီတို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မန္တလေးမြို့တွင် ယခုလအတွင်း အသုံးပြုနိုင်မည် ဖြစ်ပြီး ရန်ကုန်တွင် ဇူလိုင်လခန့်တွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ ၎င်းအပြင် GSM ဖုန်းများကို မြန်မာနိုင်ငံ၏ ပြင်ပတွင် အသုံးပြုနိုင်ရန် အတွက်လည်း ဆောင်ရွက်နေဆဲဖြစ်ကာ လက်ရှိအချိန် စမ်းသပ်ကာလဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။ “ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကြိမ်နှုန်း(Frequency) တူရင်သုံးလို့ရပါတယ်။ ဥပမာ- စင်ကာပူနိုင်ငံရဲ့ မိုဘိုင်းဖုန်း Freq -uency နဲ့ မြန်မာနိုင်ငံရဲ့ မိုဘိုင်းဖုန်း Frequency တူနေတယ်ဆိုရင် ဒီက GSM ဖုန်းကတ်ကို စင်ကာပူကို ယူသွားလို့ရတယ်။ ဟိုက GSM ဖုန်းကတ်ကိုဒီကိုယူလာလို့လည်းရတယ် ” ဟု New Mobile မှ ဆားဗစ်ပညာရှင် ကိုငြိမ်းချမ်းက ပြောသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ရန်ကုန်မြို့တွင် GSM ရေဒီယိုစခန်းသစ်၃၃ခုကိုတည်ဆောက်ပြီး၊လိုင်းရှစ်သောင်းတိုးချဲ့မည်ဖြစ်ကြောင်း၊ လိုင်းခွဲအားများ ကောင်းမွန်စေရေးအတွက် MCS ဆက်သွယ်ရေးစခန်း(ပင်မ) ခံနိုင်ဝန်မြှင့်ခြင်း၊ BTS စခန်းတပ်ဆင်ခြင်းနှင့် CU (Carrier Unit) တိုးမြှင့်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မေလ ၂၉ရက် နိုင်ငံပိုင်သတင်းစာများ ဖော်ပြချက်အရ တရုတ်နိုင်ငံ ZTE ကော်ပိုရေးရှင်းမှ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် လိုင်းအင်အား ၂၀၀၀၀ အသုံးပြုနိုင်သော CDMA 450 စနစ် BTS ၁၀စုံ၊ ဆက်သွယ်ရေးစက်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁၀ရက်နေ့ထုတ် ပြည်မြန်မာ ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပုဂ္ဂလိကဘဏ်များ ပေါ်ပေါက်လာခြင်းကို စီးပွားရေးပညာရှင်များနှင့် လုပ်ငန်းရှင်များကြိုဆို

ပုဂ္ဂလိကဘဏ်ကြီးများ ပေါ်ပေါက်လာမည်ကို စီးပွားရေးလုပ်ငန်းရှင်များနှင့်ပညာရှင်များက ကြိုဆိုကြောင်း သတင်းရရှိသည်။ လာမည့်လပိုင်းအတွင်း ပုဂ္ဂလိကဘဏ်ကြီးများ ပေါ်ပေါက်လာမည့်အပေါ် ဘဏ်လုပ်ငန်းပညာရှင်ဦးဝင့်ကျော်က “ ပုဂ္ဂလိကဘဏ်လုပ်ငန်းတွေ ၂၀၀၃ခုနှစ်မှာ ပြိုလဲသွားပြီးတဲ့နောက် စီးပွားရေးလုပ်ငန်းတွေ တုံ့ဆိုင်းသွားတယ်။ အဲဒီလိုဖြစ်သွားလို့ ငွေပိုငွေလျှံရှိတဲ့သူတွေနဲ့ ငွေလိုတဲ့သူတွေကြားမှာ ဆက်သွယ်ပေးတဲ့ တံတားတွေ ပြိုလဲသွားတယ်။ လက်ရှိမှာပုဂ္ဂလိကဘဏ်တွေ ပေါ်ပေါက်လာမယ့်သတင်းတွေ ပေါ်ထွက်နေတယ်။ ဘယ်သူတွေ ဖွင့်တာပဲဖြစ်ဖြစ် ပုဂ္ဂလိကဘဏ်တွေပေါ်ထွက်လာတာကို ကြိုဆိုတယ် ” ဟု သူ၏အမြင်ကို ပြောကြားသည်။ “ ဘဏ်တွေဖွင့်တဲ့အတွက် လူတွေမှာပိုပြီးရွေးချယ်ခွင့်တွေရှိလာမယ်။ ငွေအပ်ချင်တဲ့သူတွေလည်းအပ်လို့ရပြီး ချေးချင်တဲ့သူတွေလည်းချေးလို့ရမယ် ” ဟု စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးကလည်း ပြောသည်။ “ ပုဂ္ဂလိက ဘဏ်တွေဖွင့်တာကို ကြိုဆိုပါတယ်။ ဘယ်သူဖွင့်တာပဲဖြစ်ဖြစ်ပေါ့။ ဘဏ်ကို အသုံးချတဲ့အလေ့အထတွေ များလာစေချင်တယ် ” ဟု စီးပွားရေးပညာရှင်တစ်ဦးဖြစ်သောဦးခင်မောင်ညို(ဘောဂဗေဒ)ကပြောသည်။ ပုဂ္ဂလိကဘဏ်သစ်များ ဖွင့်ခွင့်ရသည်နှင့်နည်းတူ သက်ဆိုင်ရာက ဘဏ်များကို လုပ်သာကိုင်သာရှိစေရန်နှင့် အရမ်းလွှတ်ပေးထားခြင်းမျိုးကိုလည်း မဖြစ်စေရန် ဆောင်ရွက်ပေးသင့်ကြောင်း ၎င်းကဆက်လက်ပြောသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘဏ်လုပ်ငန်းများ တိုးတက်ရန်လိုအပ်ပြီး၊ မြန်မာနိုင်ငံလက်ရှိအခြေအနေမှာဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးမှုမရှိသေး၍ ပုဂ္ဂလိကဘဏ်များ ဖွင့်လှစ်လုပ်ကိုင်လာခြင်းနှင့်အတူ ဘဏ်လုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း အထက်ပါပုဂ္ဂိုလ်များကတညီတညွတ်တည်းပြောသည်။“ ပုဂ္ဂလိကဘဏ်တွေ ပေါ်ပေါက်လာမယ်ဆိုရင် ကုန်ထုတ်လုပ်ငန်းတွေ၊ ကုန်သွယ်ရေးလုပ်ငန်းတွေမှာ ဘဏ်ချေးငွေကို ရယူပြီးအကျိုးရှိအောင်သုံးဖို့လုပ်ငန်းရှင်တွေစဉ်းစားသင့်တယ်။အရင်ကလို ဘဏ်ချေးငွေကို မတော်တဲ့နေရာတွေမှာ မသုံးသင့်ဘူး ” ဟု ဘဏ်လုပ်ငန်းပညာရှင် ဦးဝင့်ကျော်က ပြောသည်။ ထပ်မံရရှိသော သတင်းများအရ ပုဂ္ဂလိကဘဏ် အသစ်များမှာ မကြာမီလပိုင်းအတွင်း နေပြည်တော်၊ ရန်ကုန်၊ ပခုက္ကူ၊ ပုသိမ်၊ ပြည်စသော မြို့ကြီးများတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်အတွင်း ဘဏ်တစ်ဘဏ်လျှင်ဘဏ်ခွဲ ၁၀ဘဏ်စီ ဖွင့်လှစ်ရန် ရည်မှန်းထားကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁၀ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

လမ်းညွှန်သက်သက်လုပ်ကိုင်မှုများအပါအဝင်)၊ မောတော်ယာဉ်ရေဆေး၊ ဆီထိုးလုပ်ငန်း၊ အသက်အာမခံလုပ်ငန်းမှအပ အခြားအာမခံလုပ်ငန်းများ၊ ဆံသအပါအဝင် အလှပြင်လုပ်ငန်းများ၊ ခ

## ပြည်တွင်းအခွန်များဦးစီးဌာန ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ နှစ်ချုပ်ကြေညာလွှာတင်သွင်းရန်နှိုးဆော်

၂၀၀၉ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၀ခုနှစ် မတ် ၃၁ရက်အထိ ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသည့် တစ်ဦးချင်းပိုင် ပုဂ္ဂလိကလုပ်ငန်းများ၊ အစုစပ်လုပ်ငန်းများ၊ ဖက်စပ်လုပ်ငန်းများ၊ ကုမ္ပဏီများအခွန်ပေးဆောင်ထိုက်သည့် အခြားလုပ်ငန်းများ၊ သမဝါယမအသင်းများနှင့် အစိုးရ၏ စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများသည် နှစ်ချုပ် ကုန်ရောင်းကြေညာလွှာ သို့မဟုတ် နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ လက်မှတ်ရေးထိုးပြီး ၂၀၁၀ခုနှစ် ဇွန် ၃၀ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ပြီး ချောစာဖြင့် ဖြစ်စေပေးပို့ရန် ဥပဒေအရတာဝန်ရှိကြောင်း နှိုးဆော်အပ်ပါသည်။ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းဖြစ်လျှင် ဆားထုတ်လုပ်မှုလုပ်ငန်းမှအပ ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်းရောင်းရငွေ ၂၄၀၀၀၁ကျပ်နှင့် အထက်ရရှိသူများ၊ ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဖြစ်လျှင် ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း ရောင်းရငွေ ၃၀၀၀၀၁ကျပ်နှင့် အထက်ရရှိသူများ၊ ခရီးသည်ပို့ဆောင်လုပ်ငန်းဖြစ်လျှင် ဘဏ္ဍာရေးနှစ်အတွင်း ခရီးသည် ပို့ဆောင်ခရငွေ စုစုပေါင်း ၁၈၀၀၀၁ကျပ်နှင့် အထက်ရရှိသူများသည်လည်းကောင်း၊ ဖျော်ဖြေမှုလုပ်ငန်းများ၊ ဟိုတယ်တည်းခိုခန်းလုပ်ငန်းများ၊ စားသောက်ဖွယ်ရောင်းချရေးလုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ (ခရီးသွားလမ်းညွှန်သက်သက်လုပ်ကိုင်မှုများအပါအဝင်)၊ မောတော်ယာဉ်ရေဆေး၊ ဆီထိုးလုပ်ငန်း၊ အသက်အာမခံလုပ်ငန်းမှအပ အခြားအာမခံလုပ်ငန်းများ၊ ဆံသအပါအဝင် အလှပြင်လုပ်ငန်းများ၊ ခန္ဓာကိုယ်အလှပြင်နှင့် ပြုပြင် လေ့ကျင့်မှုလုပ်ငန်းများ၊ ပုံနှိပ်လုပ်ငန်း၊ ကွန်ပျူတာ စာစီလုပ်ငန်းနှင့် ကွန်ပျူတာ ဒီဇိုင်း လုပ်ငန်းများ (ဓာတ်ပုံမိတ္တူလုပ်ငန်းမပါဝင်)သည်လည်းကောင်း နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ သို့မဟုတ် ဝန်ဆောင်မှုကြေညာလွှာကို လုပ်ငန်း၏ နှစ်ချုပ်စာရင်းရှင်းတမ်းများနှင့် ပူးတွဲပေးပို့ရန် တာဝန်ရှိပါသည်။ နှစ်ချုပ်ကြေညာလွှာတင်သွင်းရန် နောက်ဆုံးရက်ဖြစ်သည့် ၂၀၁၀ခုနှစ် ဇွန် ၃၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ဆိုင်ရာရုံးအသီးသီးကို ညနေပိုင်း ၁၈း၀၀နာရီအထိဖွင့်လှစ်၍နှစ်ချုပ်ကြေညာလွှာများကို လက်ခံပေးမည်ဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၂အရ လုံလောက်သော အကြောင်းမရှိဘဲ သတ်မှတ်ထားသော အချိန်အတွင်း ကြေညာလွှာ တင်သွင်းရန် ပျက်ကွက်ပါက ပေးဆောင်ရမည့်အခွန်အပြင် ယင်းအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသောငွေကို ဒဏ်ငွေအဖြစ် တပ်ရိုက်ခြင်းခံရမည်ဖြစ်ပါသည်။ သတ်မှတ်ထားသည့်နှစ်ချုပ်ကုန်ရောင်းကြေညာလွှာသို့မဟုတ်ဝန်ဆောင်မှုကြေညာလွှာပုံစံများကိုသက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင်ဖြစ်စေ၊ကုမ္ပဏီများဆိုင်ရာအခွန်ရုံးတွင်ဖြစ်စေအခမဲ့ရယူနိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံရရှိကြောင်း သက်သေခံလက်မှတ်ကို သက်ဆိုင်ရာရုံးက ချက်ချင်းထုတ်ပေးမည်ဖြစ်ပါသည်။ မရှင်းလင်းသော အချက်များရှိပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်ဖြစ်စေ၊ ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးတွင်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၉ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားပါသည်။

## အသစ်ဖွင့်လှစ်မည့် ပုဂ္ဂလိကဘဏ်သစ်များ အကြွေးဝယ်ကတ် (Smart Card) ဝန်ဆောင်မှုပေးနိုင်ရန် ပြင်ဆင်နေ

မကြာမီဖွင့်လှစ်တော့မည့် ပုဂ္ဂလိက ဘဏ်သစ်များတွင် အကြွေးဝယ်ကတ် (Smart Card) ဝန်ဆောင်မှုကို ပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။ "ဖွင့်မယ့်နေ့ရက်ကို အတိအကျ မသိရသေးပေမယ့် ပြင်ဆင်နေပါတယ်။ ဘဏ်ဖွင့်ရင်အကြွေးဝယ်ကတ်ထဲက စနစ်တစ်မျိုးဖြစ်တဲ့ Smart Card ဝန်ဆောင်မှုကို ပေးသွားနိုင်ဖို့ ရှိပါတယ်" ဟု ပုဂ္ဂလိကဘဏ်သစ်တည်ထောင်ရန် ပြင်ဆင်ဆောင်ရွက်နေသူတစ်ဦးကပြောကြားသည်။ အကြွေးဝယ်ကတ်များကို Credit Card, Debit Card, Smart Card စသည်ဖြင့် ခွဲခြားနိုင်ပြီး ငွေကြေးလည်ပတ်မှုနှင့် ငွေပေးချေမှုများကို ပိုမိုအဆင်ပြေနိုင်စေရန် ရည်ရွယ်အသုံးပြုခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မြန်မာ့စီးပွားရေးဘဏ်များမှ ဝန်ဆောင်မှုပေးနေသည့် Smart Card များရှိပြီး အသုံးပြုနိုင်ရေးအတွက် ကျပ် ၁၀သိန်းပေးသွင်းရန် လိုအပ်ကြောင်း သိရသည်။ ၂၀၁၀ပြည့်နှစ်တွင် အစိုးရပိုင်စီးပွားရေးဘဏ်မှ အကြွေးဝယ်ကတ်စနစ် တစ်မျိုးဖြစ်သည့် Smart Card သုံးစွဲခွင့်ကို ပြန်လည်ပေးအပ်ခဲ့ပြီး ယခုနှစ်အတွင်းမှာပင် ထွက်ပေါ်လာမည့် ပုဂ္ဂလိက ဘဏ်သစ်များ တွင်လည်း အဆိုပါ ကြွေးဝယ်ကတ်ကို ဝန်ဆောင်မှုပေးနိုင်ရန် ပြင်ဆင်လာကြခြင်းဖြစ်ကြောင်း ပုဂ္ဂလိကဘဏ်အသိုင်းအဝိုင်းမှ သိရကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁၁ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပြည်တွင်းသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၌ ပြည်ပနိုင်ငံများမှ ဝင်ရောက်လုပ်ကိုင်မှုကို ခွင့်ပြုမည်

အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ(Asean Free Trade Area)သဘောတူညီချက်အရပြည်တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၌ပြည်ပနိုင်ငံများမှဝင်ရောက်လုပ်ကိုင်မှုကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းမြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေက ပြောကြားခဲ့သည်။ မြန်မာနိုင်ငံသည် အာဆီယံလွတ်လပ် သောကုန်သွယ်မှုနှင့် အာဆီယံတစ်ခုတည်းသော ဈေးကွက်(Single Market) ဖြစ်ပေါ်လာသည့်အခါတွင် ကုန်စည်များအပေါ် အကောက်ခွန်များလျှော့ပေါ့ပေးခြင်း၊ဝန်ဆောင်မှုလုပ်ငန်းများ၌မလိုအပ်သောအတားအဆီးများ ဖယ်ရှားပေးခြင်းများကိုပါ ပြုလုပ်ပေးသွားရန် သဘောတူညီထားပြီးဖြစ်ကြောင်း သိရှိရသည်။ ထို့ကြောင့် ပြည်တွင်း ဝန်ဆောင်မှုကို လုပ်ငန်းရှင်များ အနေဖြင့် နိုင်ငံခြားသားလုပ်ငန်းရှင်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် နည်းပညာပိုင်းနှင့် ကျွမ်းကျင်လုပ်သားများကို ပြင်ဆင်မှုများ ပြုလုပ်ထားရန်လိုကြောင်း သိရှိရသည်။ ထို့ပြင် ASEAN Framework Agreement on Multimodel Transport အရ ဘက်စုံပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုဗဟိုအဖွဲ့ကိုဖွဲ့စည်းပြီးဖြစ်ကြောင်း၊ဘက်စုံပို့ဆောင်ရေးဥပဒေမူကြမ်းကိုလည်းထုတ်ပြန်နိုင်ရန် ရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ အာဆီယံစီးပွားရေး အသိုက်အမြုံတည်ထောင်နိုင်ရန်အတွက် ဦးစားပေးကဏ္ဍကြီး ၁၂ခုအနက်မှ Air Travel နှင့် Logistics Service ကဏ္ဍနှစ်ခုကို တာဝန်ယူအကောင်အထည်ဖော်သွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်များကို ၂၀၁၃ ခုနှစ်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဇွန်လ ၁၁ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## စီးပွားရေးဦးပိုင်နှင့် သတ္တုတွင်းဝန်ကြီးဌာန ပူးပေါင်း၍ ရောဝတီ ဆားကွင်းများမှ ဆားများကို အရစ်ကျ ဝယ်ယူနေ

ရောဝတီ ဆားကွင်းလုပ်ငန်းရှင်များ၏ ဆားများကို မြန်မာ့စီးပွားရေး ဦးပိုင်နှင့် သတ္တုတွင်းဝန်ကြီးဌာနတို့မှ ပူးပေါင်းကာ မေလ ၁၈ရက်နေ့မှစတင်၍ အရစ်ကျ ဝယ်ယူနေကြောင်း လပွတ္တာမြို့နယ်နေ ဆားလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် သတ္တုတွင်းဝန်ကြီးဌာနတို့မှရောဝတီတိုင်းရှိဆားလုပ်ငန်းရှင်(ကွင်းပိုင်)များအား တာဝန်ခံကြီးကြပ်စေပြီး ဆားလယ်တစ်ဧကလျှင် ပိဿာ ၃၀၀၀ နှုန်း ဝယ်ယူလျက်ရှိကြောင်း၊ ယခုနှစ် ဆားတစ်ပိဿာပေါက်ဈေးသည် ၂၀-၂၅ ကျပ်မှစကာ လက်ရှိ၌ တစ်ပိဿာလျှင် ၅၅-၆၀ ကျပ်အထိဖြစ်လာကြောင်း၊ ရောဝတီတိုင်းမှ ဆားလုပ်ငန်းရှင်များကိုလည်း ၄င်းတို့ဒေသတွင် လုပ်ငန်းအကြီး၊ အသေးအလိုက် ခွဲခြား၍ ဝယ်ယူသိုလှောင်ပေးရန် စီမံထားလျက်ရှိကြောင်း လပွတ္တာမြို့ရှိ ဆားလုပ်ငန်းရှင် ဦးမောင်ကြင်(ယခု ဝယ်ယူကြီးကြပ်ရေးတာဝန်ခံ) ကပြောသည်။ လက်ရှိတွင် ရောဝတီတိုင်း လပွတ္တာမြို့နယ်ရှိပြင်စလူ ဆားတိုက်နယ်၊ ရွှေသင်္ဘောနှင့် ဆင်ခြေရာ (ဆားခပ်) ဆားတိုက်နယ်ဒေသများသို့ ဆားဝယ်ယူရန် ငွေကျပ်သိန်း ၁၇၀၀ ချထားလျက်ရှိပြီး အစိုးရပိုင် ကုန်သွယ်ရေး ဂိုဒေါင်၊ တန်တစ်ရာ ဆန်စက်ကြီးများရှိ ဝယ်ယူ သိုလှောင်ထားကြောင်း၊ ယင်းကဲ့သို့ ဆားဈေးနှုန်း ပြန်တက်လာခြင်းကြောင့် ဒေသခံဆားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်း လည်ပတ်မှုနှင့် ဒေသထွက်ကုန် စီးပွားရေး စီးဆင်းမှုနှုန်း ပြန်လည် ဖွံ့ဖြိုးလာကြောင်း ပြင်စလူမြို့နယ်ခွဲရှိ ဆားဖိုသူကြီး ဦးသောင်းအေးက ပြောကြောင်း ၂၀၁၀ ခုနှစ် ဇွန်လ ၁၀ ရက် နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင်လည်း မြန်မာ့အာမခံလုပ်ငန်းမှ စံချိန်တင်ဝင်ငွေရရှိခဲ့

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင်လည်း မြန်မာ့အာမခံလုပ်ငန်းမှ စံချိန်တင်ဝင်ငွေတစ်ရပ်ရရှိခဲ့ကြောင်း သတင်းရရှိသည်။၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်ကလည်း မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် သက်တမ်းတစ်လျှောက် ဝင်ငွေပိုင်းတွင် စံချိန်တင်ရရှိခဲ့ပြီးယခုနှစ်တွင်လည်းအဆိုပါနှစ်ကရရှိခဲ့သောဝင်ငွေထက်ထပ်မံစံချိန်တင်၍ရရှိခဲ့ခြင်း ဖြစ်သည်ဟု သိရှိရသည်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ရုံးချုပ်အပါအဝင် ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ရုံးခွဲပေါင်း ၃၈ရုံးမှ ဝင်ငွေစုစုပေါင်းမှာကျပ်သန်းပေါင်း၁၅၀၇၇ ဒသမ ၃၄ ဖြစ်ပြီး အာမခံလျော်ကြေး စုစုပေါင်းမှာကျပ်သန်းပေါင်း ၂၅၁၇ ဒသမ ၄၇ ဖြစ်သည်ဟု သိရသည်။ ယင်းနှစ်တွင် ဝင်ငွေစံချိန်တင်ခဲ့သော်လည်း လျော်ကြေးပေးအပ်ရမှုမှာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်ထက်များစွာ လျော့နည်းခဲ့သည်ဟု သိရသည်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ရရှိခဲ့သည့် ဝင်ငွေစုစုပေါင်းမှာ ကျပ်သန်းပေါင်း ၁၄၀၄၄.၇၇ ဖြစ်ပြီး လျော်ကြေးငွေမှာ ကျပ်သန်း ၆၀၀၀ ကျော်ရှိခဲ့သည်ဟု သိရသည်။ မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ၈၆၅၆ ဒသမ ၁၁၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ၁၀၃၈၄ ဒသမ ၁၁၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ၁၄၀၄၄ ဒသမ ၇၇ နှင့် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း ၁၅၀၇၇ ဒသမ ၃၄ ရရှိခဲ့သည်ဟုသိရသည်။ နှစ်စဉ်ဝင်ငွေများတိုးတက်ရရှိခဲ့သလို လျော်ကြေးငွေများလည်း မြင့်တက်လာခဲ့ပြီး နာဂစ်မုန်တိုင်းဖြစ်ပေါ်ခဲ့သည့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင်စံချိန်တင်လျော်ကြေးငွေကျပ်သန်းပေါင်း ၆၀၀၀ ကျော်ပေးလျော်ခဲ့ရကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁၁ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ဇွန်လ ၁၀ရက်မှ ဇွန်လ ၁၆ရက်နေ့အထိ)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနိုင်ပါသည်။

မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၅၀စင်တီမီတာ (ငါးပေခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့တွင် ၉၀စင်တီမီတာ (သုံးပေခန့်) ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၆၀စင်တီမီတာ (နှစ်ပေခန့်)လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့တို့တွင် ၁၈၀စင်တီမီတာ (ခြောက်ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၂၀စင်တီမီတာ (လေးပေခန့်) လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## ထိုင်းတွင် ဝန်ကြီးအဖွဲ့အပြောင်းအလဲပြုလုပ်

ထိုင်းနိုင်ငံတွင် လမ်းပေါ်ဆန္ဒပြမှုများ ဖြစ်ပွားပြီးနောက် အာဏာရည္ဟန့်ပေါင်းအစိုးရအတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်နေသဖြင့် ဝန်ကြီးချုပ်သည် ၎င်း၏ဩဇာအာဏာ ပြန်လည်မြှင့်တင်ရန် ရည်ရွယ်၍ ဝန်ကြီးအဖွဲ့အပြောင်းအလဲကို ပြုလုပ်ရန် စီစဉ်ခဲ့သည်။ လွန်ခဲ့သောအပတ်က အတိုက်အခံတို့ဘက်မှ တင်သွင်းသော အယုံအကြည်မရှိအဆိုကို ကောင်းမွန်စွာကျော်လွှားနိုင်ခဲ့သည်။ ညွန့်ပေါင်းတွင် ပါဝင်သော ပွေပန်းဒင် ပါတီမှ အမတ်များက ထောက်ခံမဲမပေးဘဲ နေခဲ့ကြသည်။ ထို့ကြောင့် ၎င်းပါတီမှ ဝန်ကြီးများဖြစ်သော စက်မှုလက်မှု ပြန်ကြားရေး ဆက်သွယ်ရေးနည်းပညာ ဝန်ကြီးများအား ဖယ်ရှားပစ်ခဲ့သည်။ ပြန်လည်ဖွဲ့စည်းသော အစိုးအရအဖွဲ့သည် နိုင်ငံ၏ လုံခြုံရေးပြဿနာများကို ဖြေရှင်းနိုင်ရမည့်အပြင် နိုင်ငံတွင်းတွင် ပြန်လည်သင့်မြတ်ရေးကိုလည်း အကောင်အထည်ဖော်ရမည်ဖြစ်သည်။ တိုင်းပြည်ငြိမ်းချမ်းသယောင်ရှိသော်လည်း အကြမ်းဖက်အန္တရာယ်သည် ယခု ထက်တိုင်ရှိနေဆဲဖြစ်သည်ဟု ၎င်းမှ ပြောဆိုသည်။ အသစ်ခန့်ထားသော ဝန်ကြီး ၈ဦးသည် တနင်္လာနေ့တွင် ကျမ်းသစ္စာကျိန်ဆိုကြမည်ဖြစ်သည်။ (အေအက်ဖ်ပီ)

## နိုင်ငံတကာ စုံစမ်းရေးအဖွဲ့ကို အစ္စရေးလက်မခံ

အကူအညီပေးရေး သင်္ဘောအုပ်စုအား အစ္စရေးစစ်တပ်က အကြမ်းဖက်နှိမ်နင်းသည့်အပေါ် တစ်ကမ္ဘာလုံးမှ ပြင်းထန်စွာကန့်ကွက်ပြောဆိုကြသည်။ အာရပ်နိုင်ငံများအဖွဲ့ချုပ်ကအစ္စရေး နိုင်ငံအား နိုင်ငံတကာတရားရုံးတွင် တရားစွဲဆိုရန် ဆုံးဖြတ်ကြသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက အစ္စရေးနိုင်ငံအားရှုတ်ချ၍ အဆိုပါဖြစ်ရပ်ကို စုံစမ်းစစ်ဆေးရန် လွတ်လပ် သောအဖွဲ့တစ်ဖွဲ့စေလွှတ်ပေးရန် တောင်းဆိုခဲ့သည်။ ထို့ပြင်အစ္စရေးနိုင်ငံအား ဂါဇာကမ်းမြောင်ဒေသကို ပိတ်ဆို့ထားခြင်းအားရုတ်သိမ်းရန် တောင်းဆိုခဲ့သည်။ ကုလအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက သက်ဆိုင်ရာအဖွဲ့အစည်းများသည် လက်လွတ်စပယ် လုပ်ကိုင်ခြင်းမပြုကြဘဲ တာဝန်သိစွာဖြင့် ချင့်ချင့်ချိန်ချိန် ဆောင်ရွက်ကြရန် သတိပေးနှိုးဆော်ခဲ့သည်။ အထက်ပါ တိုက်ခိုက်မှုအတွက် နိုင်ငံတကာမှ စုံစမ်းစစ်ဆေးမည့် ကိစ္စကို အစ္စရေးနိုင်ငံအနေဖြင့် လက်ခံနိုင်ခြင်းမရှိကြောင်း ၎င်းတို့ပါသာ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း အစ္စရေး သံအမတ်ကြီး မိုက်ကယ်အိုဒန်က ထုတ်ဖော်ပြောဆိုသည်။ ဤအတောအတွင်း အစ္စရေးတို့ ထိန်းသိမ်းထားသော ရေချယ်ကော်ရီသင်္ဘောမှ အမှုထမ်းများအား ပြန်လည်လွှတ်ပေး၍ သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ထွက်ခွာခွင့်ပြုခဲ့သည်။ (ဆင်ဟွာ)

## မက္ကဆီကိုပင်လယ်ကွေ့ ရေနံတွင်းပျက်မှ တစ်နေ့လျှင် စည်ပေါင်းတစ်သောင်းခန့် ထုတ်ယူနိုင်

အမေရိကန်နိုင်ငံ မက္ကဆီကို ပင်လယ်ကွေ့တွင် ကျိုးပြတ်သွားသော ရေအောက်ရေနံတွင်းအား ကောင်းစွာပိတ်ဆို့၍ တစ်နေ့လျှင် ရေနံဆီပေါင်းတစ်သောင်းခန့်ကို ထုတ်ယူနိုင်ပြီဖြစ် သည်ဟု ဘီပီကုမ္ပဏီ စီအီးအိုက ထုတ်ဖော်ပြောဆိုသည်။ လာမည့်အပတ်တွင် ဒုတိယနေရာနံတွင်းအားထိန်းချုပ်မည့် ကိရိယာအားအနေသားတကျ တပ်ဆင်နိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် ယိုဖိတ်ရေနံအများအပြားကို ထိန်းချုပ်သွားနိုင်မည်ဖြစ်သည်။ ကုမ္ပဏီအနေဖြင့် ယိုဖိတ်သောရေနံများကို ရှင်းလင်းပေးမည့်အပြင် ပတ်ဝန်းကျင် ပျက်စီးမှုများကို အစားထိုးဖြည့်ဆည်း ပေးမည်ဖြစ်သည်ဟု သိရှိရသည်။ လောလောဆယ် ရေနံယိုဖိတ်မှုကြောင့် ပြည်နယ်လေးခု၏ ကမ်းရိုးတန်းများတွင် အန္တရာယ်များ ဖြစ်ပေါ်လျက်ရှိသည်။ ဘီပီကုမ္ပဏီသည် ရေနံယိုစိမ့် မှုကို လမ်းကြောင်းပြောင်းသွားစေရန် ပျက်သွားသောတွင်းများ၏ အနီးအနားတွင် နောက်ထပ်တွင်းသစ်နှစ်တွင်း ထပ်မံတူးဖော်သွားမည်ဖြစ်သည်။ (ဘီဘီစီ)

## တောင်နှင့်မြောက် ကိုရီးယားနယ်စပ်တွင် အသံချဲ့စက်များ တပ်ဆင်

တောင်ကိုရီးယားစစ်တပ်သည် မြောက်ကိုရီးယားနှင့် နယ်စပ်တစ်လျှောက်တွင် ဝါဒဖြန့်ရန်အတွက် အသံချဲ့စက်များကို တပ်ဆင်ထားခဲ့သည်။ ဗုဒ္ဓဟူးနေ့တွင် နောက်ထပ် အသံချဲ့စက် အများအပြား တိုးချဲ့တပ်ဆင်ရန်ရှိကြောင်း သတင်းရရှိသည်။ တောင်ကိုရီးယား စစ်သင်္ဘောအား တိုက်ခိုက်နစ်မြုပ်လိုက်သည့်အတွက် မြောက်ကိုရီးယားအား အပြစ်ပေးအရေးယူသည့် လုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ပြောဆိုသည်။ မြောက်ကိုရီးယားနိုင်ငံသည် နိုင်ငံတကာ၏ ပြစ်တင်ရှုတ်ချမှုကို ခံနေရသည့်ကြားမှ တောင်ကိုရီးယား၏ အသံချဲ့စက်များကို ပစ်ခတ်ဖျက်ဆီးမည်ဟု ကြုံးဝါးလျက်ရှိသည်။ ဝါဒဖြန့်အသံလွှင့်ခြင်းများကို မည်သည့်အချိန်၌ စတင်မည်ကို သေချာစွာမသိရှိရသေးပေ။ (ဆင်ဟွာ)

## ဂျပန်နိုင်ငံ အစိုးရအဖွဲ့သစ် ဝန်ကြီးစာရင်း ထုတ်ပြန်ကြေညာ

ဂျပန်နိုင်ငံ ဝန်ကြီးချုပ်သစ် နာအိုတိုကန်သည် ယမန်နေ့က အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ရွေးချယ်၍ အစိုးရအဖွဲ့သစ် ဖွဲ့စည်းခဲ့သည်။ ဝန်ကြီးများအဖွဲ့သည် တော်ဝင်နန်းတော်သို့ သွား ရောက်၍ ဂျပန်ဘုရင်အား တွေ့ဆုံဂါရဝပြုကြသည်။ ဝန်ကြီးအဖွဲ့အား ဘုရင်မင်းမြတ်က အတည်ပြုခန့်ထားပေးသည်။ အစိုးရအဖွဲ့သစ်တွင်ဝန်ကြီး ၁၇ဦးပါဝင်၍ ၁၁ဦးသည်ယခင်အစိုးရ လက်ထက်က လူဟောင်းများဖြစ်ကြသည်။ နိုင်ငံခြားရေးဌာနနှင့် ကာကွယ်ရေးဌာနတွင် ဝန်ကြီးအပြောင်းအလဲမရှိပေ။ ဂျပန်ဝန်ကြီးချုပ်က ဂျပန်နိုင်ငံအား အခြေခံမှစ၍ ပြုပြင်တည် ဆောက်ပြီးလျှင် ပို၍တက်ကြွသော နိုင်ငံအဖြစ်သို့ ရောက်အောင် ဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားသည်။ (ဆင်ဟွာ)

## ဂါဇာဒေသအား အစ္စရေးပိတ်ဆို့မှု လျှော့ပေါ့ပေး

အစ္စရေးအစိုးရသည် ဂါဇာကမ်းမြောင်ဒေသအား ပိတ်ဆို့ထားမှုကို အနည်းငယ်လျှော့ပေးသည့်အနေဖြင့် ၎င်းဒေသတွင်းသို့ လူသုံးကုန်ပစ္စည်းများ ဝင်ရောက်ခြင်းကို ပိုမိုခွင့်ပြုခဲ့သည်ဟု ပါလစ္စတိုင်းဘက်မှ ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ကြေညာသည်။ ယခင်က ပစ္စည်း ၂၅မျိုးသာ ဝင်ရောက်ခွင့်ပြုသော်လည်း ယခုအခါ ပစ္စည်းအမျိုးပေါင်း ၁၅၀ခန့်ကို တင်သွင်းခွင့် ပြုခဲ့သည်။ သို့သော်လည်း ဆောက်လုပ်ရေးပစ္စည်းများ၊ ဘိလပ်မြေများ နှင့် စက်မှုနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများကို ပိတ်ပင်ထားဆဲဖြစ်သည်။ အစ္စရေးဘက်မှ ယင်းသို့လျှော့ပေါ့ပေးသဖြင့် ဟားမက်စ်အဖွဲ့အနေဖြင့် ဂါဇာဒေသ၏ အုပ်ချုပ်ရေးပိုင်းကို ပြုပြင်ပြောင်းလဲရန် စဉ်းစားလျက်ရှိသည်ဟု သတင်းများကဆိုသည်။ (ဆင်ဟွာ)

## တောင်ကိုရီးယားဒုံးပျံ အာကာသသို့လွှတ်တင်မည်

တောင်ကိုရီးယားနိုင်ငံသည် ကြာသပတေးနေ့တွင် ၎င်း၏ ဒုတိယမြောက် ဒုံးပျံတစ်စင်းကို အာကာသသို့ ပစ်လွှတ်မည်ဖြစ်သည်ဟု နည်းပညာဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။ ၎င်းဒုံးပျံကို ညနေ ၅နာရီတွင် ပစ်လွှတ်မည်ဖြစ်သည်။ ယမန်နှစ်က ပစ်လွှတ်သော ဒုံးပျံတွင် စက်မှုချို့ယွင်းမှုကြောင့် ကမ္ဘာ့ပတ်လမ်းတွင်းသို့ ရောက်အောင် ပစ်လွှတ်နိုင်ခြင်းမရှိခဲ့ချေ။ (ဆင်ဟွာ)

## တောင်ကိုးရီးယားရော့ကတ်လွှတ်တင်မှု မအောင်မြင်

တောင်ကိုရီးယားနိုင်ငံသည် ပြည်တွင်းတွင်တည်ဆောက်သော နာရီတစ်အမည်ရှိ ဒုံးပျံကို ဂိုလာပြည်နယ်ရှိ အာကာသဒုံးပျံပစ်စင်မှ ယမန်နေ့ညနေ ၅နာရီခန့်တွင် လွှတ်တင်ခဲ့ရာ လွှတ်တင်ပြီး ၁၃၇စက္ကန့်အကြာတွင် အဆက်အသွယ်ပြတ်တောက်ခဲ့၍ မကြာမီအတောအတွင်းတွင် ပေါက်ကွဲပျက်စီးသွားခဲ့သည်။ အဆိုပါဒုံးကျည်သည် ၁၄၀တန်လေး၍ရုရှားကျွမ်း ကျင်သူများ၏ အကူအညီဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါစီမံကိန်းအတွက် ဒေါ်လာ ၄၀၄.၅သန်း အကုန်အကျခံခဲ့သည်။ (ဆင်ဟွာ)

# အမေရိကန် ပြည်နယ် ၁၆ခုတွင် မူးယစ်ဆေးနှင့် ပတ်သက်သူ ၄၀၀ကျော်ဖမ်းဆီး

အမေရိကန် မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့သည် မက္ကဆီကိုမူးယစ်ဂိုဏ်းများကို ဦးတည်သော စုံစမ်းစစ်ဆေးမှုများကို ၂နှစ်ကြာမျှ ပြုလုပ်ပြီးနောက် ပြည်နယ် ၁၆ခုတွင် လူပေါင်း ၄၀၀ကျော်အား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်ဟု ထုတ်ဖော်ပြောဆိုသည်။ စစ်ဆင်ရေးကာလအတွင်း ကိုကင်း ၂.၂တန်၊ မက်သန်ဖက်တမင်း တန်ဝက်၊ ဆေးခြောက် ၆၂တန်နှင့် ဘိန်းဖြူအများအပြား ဖမ်းဆီးရမိခဲ့သည်။ ဤဖမ်းဆီးမှုများကြောင့် မက္ကဆီကို မူးယစ်ဂိုဏ်းများအတွက် များစွာအထိနာ၍ ၎င်းတို့၏ ဖြန့်ဝေမှုလုပ်ငန်းတွင် ပြတ်တောက်မှုများ ဖြစ်ပေါ်မည်ဖြစ်သည်။ စုံစမ်းစစ်ဆေးမှုများသည် အမေရိကန်နိုင်ငံတလွှား တရားမဝင် မူးယစ်ဆေးဖြန့်ဝေသည့် အခြေခံအဆောက်အဦများနှင့် အမေရိကားမှ မက္ကဆီကိုနိုင်ငံတွင်းသို့ လက်နက်နှင့်ငွေကြေးများ စီးဆင်းခြင်းကို အာရုံစိုက်ဆောင်ရွက်ခဲ့သည်။ ဖမ်းဆီးမှုများတွင် ငွေသားအဖြစ် ဒေါ်လာ ၁၅၀သန်းကို သိမ်းဆည်းနိုင်ခဲ့သည်။ မက္ကဆီကို မူးယစ်ဂိုဏ်းများသည် အမေရိကန်၏ ပြည်နယ်တိုင်းတွင် လှုပ်ရှားလျက်ရှိသည်။ (ဘီဘီစီ)

# သတင်းအတို

## အခမဲ့ရသော ဂျီမေးလ်အကောင့်သစ်များကို ရောင်းချမှုများရှိနေ

အခမဲ့ရယူနိုင်ပြီး လူသုံးများသည့် ဂျီးမေးလ်အကောင့်များသည်ယခုအခါ အကောင့်အသစ်ဖွင့်ရန် ခက်ခဲလာရာ အင်တာနက်ဆိုင်များအနေဖြင့် အကောင့်သစ်ရယူလိုသူများကို အခကြေးငွေတစ်ရပ်ဖြင့် ရောင်းချခြင်းမျိုးရှိလာကြောင်းအင်တာနက်သုံးစွဲသူအချို့က ပြောကြားသည်။ ယခင်က ဂျီမေးလ်အကောင့်များကို ပြည်တွင်း IP မှ နေ၍ အလွယ်တကူအသစ်ဖွင့်ရယူနိုင်ခဲ့သော်လည်း ယခုအခါ Freedom server များမှ တဆင့် ခက်ခဲစွာရယူနေရသည်။ ဂျီမေးလ်တွင်အခမဲ့အကောင့်များအလွန်များပြားနေသဖြင့် နိုင်ငံ ၂၂နိုင်ငံအတွက် အကောင့်အသစ်ရယူခြင်းများကို ကန့်သတ်ခဲ့ကြောင်းသိရသည်။ မရမ်းကုန်းမြို့နယ်နေ အင်တာနက်ပုံမှန်အသုံးပြုသူ မမြတ်သီတာဇော်က “ရှစ်မိုင်က အင်တာနက်ဆိုင်တစ်ခုမှာ ဂျီမေးလ်အကောင့်သစ်တစ်ခုလိုချင်ရင် ၅၀၀ကျပ်ပေးရတယ်။ ပိုက်ဆံမပေးရတဲ့ တချို့ဆိုင်တွေလည်းရှိတယ်။ ဒါပေမယ့်  အကောင့်အသစ်ဖွင့်လို မရဘူးလို့ပြောကြတာများတယ်။ ကိုယ်တိုင်အကောင့်သစ်ဖွင့်ကြည့်တော့လည်း အခုနောက်ပိုင်းအဆင်မပြေတော့ဘူး” ဟုပြောသည်။ အင်တာနက်ဆိုင်များတွင် ဝန်ဆောင်မှုတစ်ရပ်အဖြစ် ဂျီမေးလ်အကောင့်များကို ယခင်ကအခမဲ့ဖွင့်လှစ်ပေးခဲ့ကြသော်လည်း အကောင့်အသစ်ဖွင့်ရန်ပိုမို ခက်ခဲလာသည့်အနေအထားကြောင့် အချို့သော ဆိုင်များမှ ဂျီမေးလ်ဖွင့်ပေးခြင်းအတွက် ငွေကြေးကောက်ခံလာခြင်းဖြစ်ကြောင်းသိရသည်။ ဂျီမေးလ်အကောင့်သစ်များ ဖွင့်လှစ်ရာတွင် IP ကျော်၍ ပြုလုပ်ဆောင်ရွက်ကြသော်လည်းတစ်ခါတစ်ရံတွင်အကောင့်သစ်များ ပြုလုပ်နိုင်ခြင်းမရှိပေ။ ဒဂုံစင်တာပထမထပ်ရှိ Sky Net အင်တာနက်ဆိုင်မှ ကိုဝင်းနိုင်စိုးက “ ရိုးရိုးဖွင့်လှစ်တဲ့အခါ မိုဘိုင်းပေါ်မှာ Activate ပြန်လုပ်ရတာမျိုးတွေရှိတယ်။ IP တွေကိုကျော်ပြီးအကောင့်အသစ်ဖွင့်ပေးနေရတယ်။ တရုတ် IP လိုမျိုးဆိုရင်မရဘူး။ US IP လိုမျိုးဆိုရင် ရတာတွေရှိတယ်” ဟုပြောကြားကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၁၀ရက်နေ့ထုတ် Internet ဂျာနယ်တွင်ဖော်ပြထားပါသည်။

## တည်ထောင်ခွင့်ရရှိထားသည့် ပုဂ္ဂလိကဘဏ်လုပ်ငန်းသစ်များ နှစ်လအတွင်း စတင်ဖွင့်လှစ်ဖွယ်ရှိ

အသစ်တည်ထောင်ခွင့်ရရှိထားသည့် ပုဂ္ဂလိကဘဏ်လုပ်ငန်းသစ်များအနေဖြင့် နှစ်လအတွင်း အပြီးသတ်စတင်ဖွင့်လှစ်ကာ လုပ်ငန်းလုပ်ကိုင်သွားရန် လျာထားပြင်ဆင်လျက်ရှိကြောင်း သတင်းရရှိပါသည်။ ထူး၊ မက်စ်မြန်မာ၊ IGE၊ ဒေင် အုပ်စုကုမ္ပဏီများအနေဖြင့် ပုဂ္ဂလိကဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိထားပြီး ယခုအခါတွင် အဆိုပါကုမ္ပဏီများထဲမှ အချို့မှာ ဘဏ်တည်ထောင်ရန် လိုအပ်သည့်ဝန်ထမ်းများခန့်ထားခြင်း၊ အဆောက်အဦပြင်ဆင်ခြင်းများကို ပြုလုပ်လျက်ရှိနေပြီ ဖြစ်ကြောင်း သိရသည်။ “ နှစ်လအတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်လုပ်ကိုင်နေတယ်လို့ သိရသည်။ အခုဝန်ထမ်းတွေ ခန့်နေကြတယ်။ နောက်ဘဏ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူတွေကို ရှာဖွေပြီး လုပ်ငန်းစဖို့ ပြင်ဆင်နေကြတယ်။ ဩဂုတ်လထဲမှာတော့ စပြီးဖွင့်နိုင်မယ့် အနေအထားရှိတယ်လို့ သိရတယ်။ ဘဏ်လုပ်ငန်းနဲ့ ငွေကြေးကျွမ်းကျင်သူတစ်ဦးဖြစ်တဲ့ ဦးဝင့်ကျော်ကတော့ မက်စ်မြန်မာမှာ အကြံပေးအနေနဲ့ လုပ်ကိုင်ဖို့ ရှိနေတယ်လို့ သိထားရတယ် ” ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။ “ ဘဏ်လုပ်ငန်းဆိုတာ အများပြည်သူရဲ့ငွေကြေးနဲ့ လည်ပတ်ရတဲ့ လုပ်ငန်းမျိုးဖြစ်တယ်။ ဝန်ဆောင်မှု ကောင်းတာတင်မကဘူး၊ ဘဏ်တည်ထောင်တဲ့ လုပ်ငန်းရှင်အပေါ် အများပြည်သူက ဘယ်လောက်စိတ်ချယုံကြည်သလဲဆိုတဲ့ အချက်ကလည်း ဘဏ်လုပ်ငန်းအောင်မြင်ဖို့ အရေးပါတဲ့အချက်တစ်ချက် ဖြစ်ပါတယ် ” ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကလည်း သုံးသပ်ပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၉ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## နေပြည်တော်၌ အမျိုးသားမော်ကွန်းတိုက်၊ အမျိုးသားပြတိုက်နှင့် အမျိုးသားဗဟိုစာကြည့်တိုက်များ တည်ဆောက်မည်

နိုင်ငံတော်အုပ်ချုပ်ရေးရုံးများ၊ နိုင်ငံတော်ဝန်ကြီးဌာနများတည်ရှိရာ နေပြည်တော်ဒေသတွင် အမျိုးသားပြတိုက်၊ အမျိုးသားမော်ကွန်းတိုက်နှင့် အမျိုးသားဗဟိုစာကြည့်တိုက်ကြီးများ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ၄င်းအမျိုးသားပြတိုက်၊ အမျိုးသားမော်ကွန်းတိုက်နှင့် အမျိုးသားစာကြည့်တိုက်များ တည်ဆောက်ရန်အတွက် မြေနေရာများသတ်မှတ်ပေးထားပြီး ယခုအခါ အဆောက်အအုံများ တည်ဆောက်ရန် မြေနေရာများစတင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၄င်းအဆောက်အအုံများအား နေပြည်တော် ဥတ္တရသီရိမြို့နယ် အင်ကြင်းပန်းအဝိုင်းနှင့် ရာဇသင်္ဂဟအဝိုင်းကြား မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနီး ရာဇသင်္ဂဟလမ်းမကြီးအနောက်ဘက်ဘေး၌ အစဉ်လိုက်တစ်ဆက်တစ်စပ်တည်း မြေနေရာများ သတ်မှတ်ပေးထားကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၁၀ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အဆောက်အအုံကို တရုတ်နိုင်ငံက မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်

မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအထိမ်းအမှတ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆောက်လုပ်လှူဒါန်းသည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (Myanmar International Convention Center)(MICC) အဆောက်အအုံအား ပြည်ထောင်စုမြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အဆိုပါ အဆောက်အအုံ၌ ၃.၆.၂၀၁၀ရက်တွင်ကျင်းပခဲ့သည်။ ယင်းအဆောက်အအုံကို ၁၅.၂.၂၀၀၈ရက်တွင် စတင်တည်ဆောက်ခဲ့၍ ၁၅.၃.၂၀၁၀ ရက်၌ တည်ဆောက်ပြီးစီးခဲ့သည်။ ၁၆ဧက ကျယ်ဝန်းသည့် မြေကွက်ပေါ်၌ တည်ဆောက်ထားပြီး ကြမ်းခင်းဧရိယာမှာ စတုရန်းပေ ၃၁၂၀၀၀ရှိသည်။ အဆောက်အအုံ၏ ပင်မဆောင်၌ လူဦးရေ ၁၉၀၀ဆံ့ညီလာခံခန်းမကြီးကို တည်ဆောက်ထားသည်။ လက်ဝဲဆောင် မြေညီထပ်တွင် အရာရှိကြီးများ အစည်းအဝေးနားထောင်ခန်း၊ အရာရှိကြီးများ နားနေခန်း၊ ကိုယ်စားလှယ်များ အစည်းအဝေး နားထောင်ခန်းနှင့် ဆွေးနွေးခန်းများ ပါရှိ၍ ပထမထပ်၌ အရေးကြီးပုဂ္ဂိုလ်များ ဆွေးနွေးခန်းနှင့် ဝန်ကြီးများ အစည်းအဝေးနားထောင်ခန်းတို့ ပါရှိသည်။ လက်ယာဆောင် မြေညီထပ်တွင် လူဦးရေ ၃၀၆ဦးဆံ့ သတင်းအချက်အလက်များ ဆွေးနွေးခန်းနှင့် သတင်းရယူခြင်းဗဟိုဌာန (Media Center)တို့ ပါရှိ၍ ပထမထပ်၌ လူ ၂၄၈ဦးဆံ့ လက်မှတ်ရေးထိုးခန်းနှင့် လူ ၇၅၀ဆံ့ စားသောက်ခန်းမကြီးတို့ပါရှိကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၁၀ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပုဖွန်တောင်ချောင်းကို ဌာနပိုင်ရေယာဉ်များက မုန်တိုင်းရှောင်ရန် အသုံးမပြုတော့

မုန်တိုင်းကာလအတွင်း မုန်တိုင်းရှောင်သောပုဂ္ဂလိက ရေယာဉ်များအဆင်ပြေစေရေးအတွက် ပြည်တွင်းရေကြောင်းဌာနပိုင်ရေယာဉ်များကို မုန်တိုင်းရှောင်ရန် ပုဖွန်တောင်ချောင်း အားသတ်မှတ်ဇုန်မှ ဖယ်ထုတ်လိုက်သည်ဟုသိရသည်။ “မုန်တိုင်းကာလမှာနီးရာပုဖွန်တောင်ချောင်းမှာကရေယာဉ်တွေစုပုံနေမှာ အဝင်အထွက်ကျပ်တည်းနိုင်တယ်။ ဒါကြောင့် အဆင် ပြေအောင် ဌာနကရေယာဉ်တွေကို အခြားနေရာတွေမှာပဲ မုန်တိုင်းရှောင်ဖို့ပြောင်းလဲသတ်မှတ်လိုက်တယ်” ဟုပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူကပြောသည်။

မုန်တိုင်းရှောင်ရန်သတ်မှတ်ဇုန်ကို ယခင်ပုဇွန်တောင်ချောင်း၊ ကရင်ချောင်း( စာဖြူစု- တွံတေးတူးမြောင်းအနီး) ၊ဝါးတစ်ရာချောင်း(ထန်းတစ်ပင်) တို့အဖြစ်သတ်မှတ်ခဲ့ပြီးထိုမှ ပုဇွန်တောင်ချောင်းကိုပယ်ဖျက်၍ ကျန်နှစ်နေရာတွင်သာ ဌာနမှ ရေယာဉ်များကို မုန်တိုင်းရှောင်စေမည်ဖြစ်သည်။ ထိုနေရာဒေသများသို့ မုန်တိုင်းရှောင်ရန်သွားရောက်ရမည့် ရေယာဉ်များတွင် လိုအပ်မည့် လောင်စာဆီများအတွက်လည်း ယခုအချိန်တွင် အပိုဆီအဖြစ်ရေယာဉ်တိုင်းတွင်တင်ဆောင်ထားပြီး ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၁၀ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

အွန်လိုင်းကြော်ငြာလုပ်ငန်းက မြန်မာ့ဝက်ဘ်ဆိုက်များအတွက် ကြော်ငြာရှာပေးမည်ဆို

မြန်မာဝက်ဘ်ဆိုက်ပေါင်းထောင်ကျော်အား ကြော်ငြာပေး၍ အွန်လိုင်းမှ ဝင်ငွေရှာဖွေပေးမည့် အစီအစဉ်တစ်ရပ်ကို Myanmar Online Advertising (Myanmar Version) မှ ယခုလတွင် စတင်အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် နည်းပညာ၊ ကဗျာ၊ Social ၊ ဖိုရမ်၊ သတင်းစသော ဝက်ဘ်ဆိုက်ပေါင်းထောင်ချီရှိပြီးမြန်မာတို့၏ ကုန်ပစ္စည်းများကို မြန်မာဝက်ဆိုက်များတွင် ကြော်ငြာခြင်းဖြင့်ကမ္ဘာတစ်ဝန်းရှိမြန်မာများကြည့်ရှုနိုင်မည်ဟုဆိုသည်။ ဝက်ဘ်ဆိုက်များကို ကြော်ငြာပေးအပ်ရာတွင် မည်သည့် ISP မှ မပိတ်ထားသော ဝက်ဘ်ဆိုက်တစ်ခုရှိရမည်ဖြစ်ပြီး၊ Porn နှင့် Political ဆိုက်များမဖြစ်စေရဘဲ Post များ Update ဖြစ်ရမည်ဟုသိရသည်။ Visitor Count Widget ပါရှိရမည်ဖြစ်ပြီး တစ်ရက်လျှင် Visitors ကြည့်ရှုသူ အယောက် ၂၀နှင့်၂၀အထက်ရှိသော ဆိုက်ဖြစ်မှ ကြော်ငြာရရှိမည်ဖြစ်သည်။ MOA ၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဝက်ဘ်ဆိုက်ရေးသူများ သွားရောက်မှတ်ပုံတင်ရမည်ဖြစ်ပြီး မှတ်ပုံတင်ပြီးသော ဆိုက်များကိုတစ်ပတ်ခန့်ကြည့်ရှုပြီး တစ်ပတ်ပြည့်ပါက MOA Admin များမှ ကြော်ငြာနှင့် ကုတ်ကို ပို့ပေးမည်ဖြစ်သည်။ ကြော်ငြာကို ဆိုက်၏ သိသာထင်ရှားသော နေရာတွင်တင်ပေးရမည်ဖြစ်ကာ လူတစ်ယောက်ကို ကြော်ငြာတစ်ခုသာ စတင်ရရှိမည်ဖြစ်သည်။ ကြော်ငြာတင်ပြီးနောက်တစ်ပတ်တွင်ငွေကျပ် ခြောက်သောင်းကို လာရောက်ထုတ်ယူနိုင်ပြီဖြစ်ပြီး၊ ဖလေစာပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ MOA ၏တရားဝင်ဝက်ဘ်ဆိုက်ကိုမကြာမီကာလအတွင်း မီဒီယာများသို့ကြေညာသွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ၁၀ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ၂၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို ရန်ကုန်မြို့တွင် ဖွန်လဒုတိယအပတ်အတွင်း ဖွင့်လှစ်နိုင်မည်ဖြစ်

၂၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို ဖွန်လဒုတိယပတ်အတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ ဖွန်လ ၉ရက်နေ့တွင် ရေပေါ်ဓာတ်ငွေ့စင်မှ သဘာဝဓာတ်ငွေ့များကို ပြန်လည်ဖြန့်ဖြူးပေးမည့် ရန်ကုန်မြို့၊ အင်းစိန်(ရွာမ) ဓာတ်ငွေ့ဖြန့်ဖြူးရေးစခန်းကိုမူ ဖွန်လ ၁၂ရက်နေ့တွင် စတင်ဖွင့်လှစ်ကာ ကမ်းလွန်မှ ပေးပို့သည့် ဓာတ်ငွေ့များကို ဖြန့်ဖြူး ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ ၎င်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ သဘာဝဓါတ်ငွေ့များကို ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်တာဘိုင်စက်ရုံများအပြင် စက်မှုဇုန်များရှိ ပုဂ္ဂလိကစက်ရုံများအတွက်ပါ ဖြန့်ဖြူးပေးမည်ဖြစ်ရာ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ လျှပ်စစ်မီးပြန်လည်ရရှိလာဖွယ်ရှိကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၁၁ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းဝက်ဘ်ဆိုက်လွှင့်တင်

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ www.mwja.org ဝက်ဘ်ဆိုက်ကို ဖွန်လ ၇ရက်နေ့မှစတင်ကာလွှင့်တင်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါဝက်ဘ်ဆိုက်တွင် မြန်မာနိုင်ငံစာနယ်ဇင်းအဖွဲ့မှ ဆောင်ရွက်ချက်များ၊ သတင်းများနှင့်ကြေညာချက်များကိုဖော်ပြသွားမည် ဖြစ်ကြောင်းသိရသည်။ “အခုဝက်ဘ်ဆိုက်မှာတော့ စာပေစာနယ်ဇင်း၅ ကြိမ်မြောက်ညီလာခံလုပ်တာရယ်၊ ရေရှားတဲ့နေရာမှာ ရေလှူခဲ့တဲ့အကြောင်းတွေတင်ထားပါတယ်။ စာပေစာနယ်ဇင်းက ထုတ်ပြန်ထားတဲ့ ကြေညာချက်တွေကိုလည်း တင်ထားပါ တယ်”ဟုဝက်ဘ်ဆိုက်စီစဉ်သူကပြောသည်။ အဆိုပါ www.mwja.org ဝက်ဘ်ဆိုက်ကို ဖွန်လ ၈ရက်တွင် ကြည့်ရှုသူပေါင်းတစ်ရာကျော်သွားပြီဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ၁၀ရက်နေ့ထုတ် Popular News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဆေးကုမ္ပဏီတွေစုပေါင်းပြီးဆေးမျိုးစုံရောင်းချပေးနေ

ဆေးဈေးကွက်မှာ ဆေးဈေးနှုန်းသက်သက်သာသာနဲ့ ဝယ်သူတွေတစ်နေရာတည်းစုပေါင်းဝယ်ယူနိုင်အောင် ဖွန်လ ၅ရက်နေ့ကနေ ဖွန်လ ၁၀ရက်နေ့အထိ မင်္ဂလာဈေးဝင်းထဲမှာ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ဆေးကုမ္ပဏီတွေနဲ့ မင်္ဂလာဈေးမှာ ဆိုင်ဖွင့်ထားတဲ့ ဆေးကုမ္ပဏီ၊ ဆေးကုန်သည်တွေစုပေါင်း ရောင်းချပေးနေပါတယ်။ ဆေးကုမ္ပဏီတချို့က ပစ္စည်း အနည်းငယ်သာဝယ်သူကိုလည်းပစ္စည်းအများယူဈေးနှုန်း အတိုင်း တွက်ချက်ရောင်းပေးတာတွေ့ရတယ်။ တချို့က နည်းနည်းဝယ်ဝယ်၊ များများဝယ်ဝယ် ဝယ်တဲ့ ပစ္စည်းကို အိမ်အရောက်ပို့ပေးတာလည်းရှိတယ်။ ဆေးကုမ္ပဏီဝန်ထမ်းတစ်ဦးက ‘ ဒီမှာ ဆိုင်ဖွင့်ထားတာဆိုင်ပေါင်း ၂၇ဆိုင်လောက်ရှိမယ်ထင်တယ်။ ဆေးကုမ္ပဏီတွေက တိုက်ရိုက်ရောင်းပေးတာဆိုတော့ ပုံစံမျိုးစုံနဲ့ လက်ဆောင်ပေးတာတွေ့ရတယ်။ ကုမ္ပဏီမဟုတ်ဘဲဆေးအရောင်းဆိုင်ဖွင့်တဲ့ သူတချို့လဲရောင်းနေတာတွေ့ရတယ်’လို့ဆိုကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၁၁ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဈေးချိုမှာ မြေအောက်ရေလှောင်ကန် နှစ်ကန် အသစ်တူးဖော်

မန္တလေးမြို့ ဈေးချိုတော်ရဲ့ တောင်ဘက်မှာ ဂါလန်တစ်သောင်းဆံ့ မြေအောက်ရေလှောင်ကန်နှစ်ကန် တူးဖော်ဖို့ စီစဉ်နေတယ်လို့ ဈေးအကျိုးတော်ဆောင်အဖွဲ့ထံက သိရပါတယ်။ ရတနာပုံဈေး မီးလောင်ပြီး နောက်ပိုင်း ဈေးမြောက်ဘက် ၂၆လမ်း၊ ၈၄လမ်းထောင့်နဲ့ ၂၆လမ်း၊ ၈၅လမ်းထောင့်မှာ ဂါလန်တစ်သောင်းဆံ့ မြေအောက်ရေလှောင်ကန် နှစ်ကန်တူး ဖော်ခဲ့ တယ်။ အခုအသစ်တူးဖော်မယ့် မြေအောက်ရေလှောင်ကန်နှစ်ကန်ဟာ ဈေးတောင်ဘက် ၂၇လမ်း၊ ၈၄လမ်းထောင့်မှာ တစ်ကန်နဲ့ ၂၇လမ်း၊ ၈၅လမ်းထောင့်မှာ တစ်ကန်တူးဖော်မှာ ဖြစ်တယ်။ ယခုတူးဖော်မယ့် ရေလှောင်ကန်နှစ်ကန်ပြီးသွားရင် ဈေးရဲ့ထောင့်လေးထောင့်မှာ မြေအောက်ရေလှောင်ကန်တွေရှိလာတော့မှာ ဖြစ်ပါတယ်လို့ သိရပါတယ်။ မြေအောက်ရေလှောင်ကန်တစ်ကန်ကို ကျပ် ၁၅သိန်းဝန်းကျင် ကုန်ကျနိုင်ပါတယ်။ ကုန်ကျငွေကို ဈေးအကျိုးတော်ဆောင်အဖွဲ့ ရန်ပုံငွေထဲကသုံးစွဲပြီး ၂၀၁၀ ပြည့်နှစ်အတွင်းအပြီး ဆောင်ရွက်နိုင်ဖို့ စီစဉ်နေကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၁၁ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင် ဖော်ပြထားပါသည်။

ဆိုင်ကယ်များ ဇွန်လကုန်အထိ တရားဝင်မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာ

နိုင်ငံတော်က ပြည်သူလူထု ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ရည်ရွယ်ပြီး တရားမဝင်တင်သွင်းလာသည့် ဆိုင်ကယ်များကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁ရက်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ အခွန်အခများပေးချေ၍ တရားဝင်မှတ်ပုံတင်များ ထုတ်ပေးခဲ့ပြီးဖြစ်သည်။ ယခုအခါ ပြည်သူများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် တရားဝင်မှတ်ပုံတင်ပြုလုပ်ရေးကို အချိန်ကာလတိုးမြှင့်ပြီး ၂၀၁၀ခုနှစ် ဇွန် ၃၀ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ၂၀၁၀ခုနှစ် ဇူလိုင် ၁ရက်မှစတင်ပြီး မှတ်ပုံတင်မဲ့ဆိုင်ကယ်များကို တရားဥပဒေနှင့်အညီ နိုင်ငံပိုင်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။ အကယ်၍ နိုင်ငံပိုင်သိမ်းဆည်းထားသော ဆိုင်ကယ်များကို ပိုင်ရှင်ဖြစ်သူက ပြန်ရယူလိုကြောင်း လျှောက်ထားလာလျှင် ဆိုင်ကယ်၏တန်ဖိုးနှင့် ကျသင့်သည့်အခွန်ငွေများကို ပေးဆောင်ရမည်ဖြစ်ပြီး နိုင်ငံတော်က တရားဝင်အဖြစ် သတ်မှတ် မှတ်ပုံတင်ပေးမည်ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁၁ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

အနိုင်းမဲ့လာဘ်

မြတ်စွာဘုရားရှင် လက်ထက်တုန်းက အရှင်ဂေါဓိကဆိုတဲ့ ရဟန်းတစ်ပါးဟာ ဈာန်သမာပတ်တွေရရှိပြီး ဝိပဿနာကူးခါနီးမှာ အနာရောဂါတစ်ခုနှိပ်စက်လို့ ဈာန်ပြန်လျှောသွားခဲ့ပါတယ်။ နောက်တစ်ကြိမ် ပြန်အားထုတ်၊ ဈာန်ပြန်ရ၊ ဝိပဿနာကူးမယ်လုပ်တော့ အနာရောဂါနှိပ်စက်လို့ ဈာန်ပြန်လျှော၊ အဲဒီလိုနဲ့ ခြောက်ကြိမ်တိုင်တိုင် ဈာန်လျှောပြီး ဝိပဿနာမကူးနိုင်ဘဲ ဖြစ်နေခဲ့ပါတယ်။ ဝီရိယအားနည်းလို့ မဟုတ်ပါဘူး။ ကျန်းမာရေး အားနည်းလို့ပါ။

ဈာန်တရား၊ ဝိပဿနာတရားနဲ့ မဂ်ဖိုလ်နိဗ္ဗာန်တရားတွေရရှိဖို့အတွက် ကျန်းမာရေး ဘယ်လောက်အရေးကြီးတယ်ဆိုတာ အရှင်ဂေါဓိကရဲ့ အဖြစ်အပျက်က လက်တွေ့သာဓကပါပဲ။ တရားအားထုတ်မယ့်သူဟာ ကျန်းမာရမယ်ဆိုတာကို ကိုးကားပြီး မကျန်းမာတဲ့သူတွေက ငါ တရားအားမထုတ်သေးဘူးလို့တော့ ဆင်ခြေမပေးသင့်ပါဘူး။ တစ်ဖက်က ကျန်းမာရေးကောင်းအောင် ပြုပြင်ရင်း တစ်ဖက်က တရားကို စွမ်းနိုင်သလောက် အားထုတ်ရပါမယ်။ ကျန်းမာရေးအကြောင်းပြပြီး တရားအားမထုတ်ဘဲနေရင် ကိုယ်ပဲ ဆုံးရှုံးနစ်နာသွားမှာပါ။

ခုန ကျန်းမာရေးမပြည့်စုံလို့ ခြောက်ကြိမ်တိုင်တိုင် ဈာန်လျှောသွားခဲ့တဲ့ အရှင်ဂေါဓိကဟာ ခုနစ်ကြိမ်မြောက် ဈာန်ပြန်ရတဲ့အချိန်မှာတော့ ဈာန်ရပုဂ္ဂိုလ်အဖြစ်နဲ့ပဲ အသေခံတော့မယ်ဆိုပြီး လည်ပင်းကို သင်တုန်းဓားနဲ့ ကိုယ်ကိုယ်တိုင် လှီးဖြတ်ပစ်လိုက်ပါတယ်။

မူလစွဲကပ်နေတဲ့ အနာရောဂါကြောင့်ဖြစ်တဲ့ ဝေဒနာကိုရော၊ လည်ပင်းဓားနဲ့လှီးလို့ဖြစ်တဲ့ ဝေဒနာကိုပါ ကြိတ်မှိတ်သည်းခံပြီး တရားဆက်အားထုတ်လိုက်တာ တရားအားထုတ်မှု လက်မလွှတ်ခြင်း အကျိုးကျေးဇူးကြောင့် အသက်လည်းကုန်၊ ရဟန္တာလည်းဖြစ်သွားပါတယ်။ အနာရောဂါဖြစ်နေတဲ့ကြားက တရားအားထုတ်လို့ တရားထူးတရားမြတ်ရသွားတာပါ။

ဒါကြောင့် ကျန်းမာရေး ကောင်းကောင်း မကောင်းကောင်း၊ အနာရောဂါရှိရှိ မရှိရှိ၊ တရားအားထုတ်မှုကိုတော့ လုံးဝ လက်မလွှတ်သင့်ပါဘူး။ အနာရောဂါဖြစ်လာတာဟာ သတိအားကောင်းဖို့၊ မမေ့လျော့ဖို့ ဖြစ်လာတာပဲလို့ နှလုံးသွင်းပြီး မကျန်းမာတဲ့ ကြားထဲကပဲ စွမ်းနိုင်သလောက် ကြိုးစားအားထုတ်ရပါမယ်။

ဘယ်လိုပဲဖြစ်ဖြစ် ပါရမီရှင်တချို့ကလွဲရင် မကျန်းမာချိန်မှာ အားထုတ်တာထက် ကျန်းမာချိန်မှာ အားထုတ်တာက တရားရဖို့ ပိုသေချာတာမို့ တရားသမားတိုင်း ကျန်းမာရေးဂရုစိုက်ဖို့ အရေးကြီးလှပါတယ်။

လောကရေးရာလာဘ်မျိုးစုံ ရရှိခံစားဖို့အတွက်ရော၊ ဓမ္မရေးရာလာဘ်မျိုးစုံ ရရှိခံစားဖို့အတွက်ပါ ကျန်းမာရေးလာဘ်ဟာ အဓိကပဓာန၊ အချက်အချာကျတာမို့ ကျန်းမာရေးလာဘ်ကိုသာ အကောင်းဆုံးလာဘ်၊ အနိုင်းမဲ့လာဘ်လို့ ရဲရဲတင်းတင်း သတ်မှတ်လက်ခံကြရပါမယ်။

ကျန်းမာရေးကလည်း ကိုယ်ကျန်းမာရေးနဲ့ စိတ်ကျန်းမာရေး လို့ နှစ်မျိုးရှိပါတယ်။ ကိုယ်မှာ ကိုယ်နဲ့ပတ်သက်တဲ့ အနာရောဂါတွေ ကင်းရှင်းနေရင် ကိုယ်ကျန်းမာတယ်လို့ ခေါ်နိုင်သလို စိတ်မှာ စိတ်နဲ့ပတ်သက်တဲ့ အနာရောဂါတွေ ကင်းရှင်းနေရင်လည်း စိတ်ကျန်းမာတယ်လို့ ဆိုနိုင်ပါတယ်။

ကိုယ်ကျန်းမာရေးနဲ့ ပတ်သက်လို့ကတော့ အထူးပြောစရာတောင် မလိုပါဘူး။ ကိုယ့်ခန္ဓာကိုယ်မှာ အနာတစ်ခုခုပေါက်ပြီ၊ ရောဂါတစ်ခုခုဖြစ်ပြီဆိုရင် အဲဒီပေါက်တဲ့အနာ၊ ဖြစ်တဲ့ရောဂါကြောင့် ကိုယ်ကိုယ်တိုင်လည်း စိတ်မချမ်းမသာဖြစ်ရ၊ စိတ်ဆင်းရဲရတယ်။ ကိုယ့်ပတ်ဝန်းကျင်က လူတွေလည်း စိတ်အနှောင့်အယှက်ဖြစ်ရ၊ စိတ်ဆင်းရဲရတယ်။ ကြီးကြီးကျယ်ကျယ် အနာရောဂါမပြောနဲ့၊ နာစေး ချောင်းဆိုးလောက်လေးဖြစ်တာတောင်မှ စိတ်ချမ်းသာမှု၊ ပျော်ရွှင်မှုကို ဖျက်ဆီးတတ်ပါတယ်။ စိတ်ဆင်းရဲရ၊ စိတ်ညစ်ရပါတယ်။

ကိုယ်နဲ့ပတ်သက်တဲ့ အနာရောဂတွေက သည်းခြေကြောင့်၊ သလိပ်ကြောင့်၊ လေကြောင့်၊ သည်းခြေ, သလိပ်, လေ သုံးခုပေါင်းကြောင့်၊ ဥတုကြောင့်၊ အနေအထိုင်အစားအသောက် မညီမျှမှုကြောင့်၊ သူတစ်ပါး လုံ့လပယောဂကြောင့်၊ အတိတ်ကံအကျိုးပေးကြောင့်ဆိုပြီးတော့ အကြောင်းရှစ်မျိုးကြောင့် ဖြစ်တတ်ပါတယ်။

ဆက်ရန်

# ဟာသ

## <u>စမ်းသပ်နည်း</u>

အမျိုးသမီးလုပ်ငန်းရှင်နှစ်ယောက် အသေးစားစီးပွားရေးလုပ်ငန်းတစ်ခုမှာ ဘယ်လိုအခက်အခဲတွေရှိသလဲဆိုတာ ဆွေးနွေးကြတယ်။
"ကျွန်မတော့ အတွေ့အကြုံသစ်တစ်ခု မနှစ်ကရလိုက်တယ်" လို့ ပထမတစ်ယောက်က ပြောတယ်။
"ကျွန်မအလုပ်သမားတွေကို သုံးလပြည့်ရင်တစ်ပတ် မနားမနေရ နားခိုင်းတယ်"ဆိုပြီး သူကဆက်ပြောတယ်။
"ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"လို့ အခြားတစ်ဦးက မေးပါတယ်။
"သိပ်ကောင်းတဲ့နည်းရှင့်၊ ဒီလိုနားခိုင်းတော့ ဘယ်သူမရှိအလုပ်ဖြစ်သလဲဆိုတာ ကျွန်မသိတာပေါ့" ဆိုပြီး သူကဖြေတယ်။

## အလုပ်ဖြစ်တယ်

ဘီလ်။ ။မင်းကြောငြာထည့်တာအလုပ်ဖြစ်ရဲ့လား။
ပီတာ။ ။ဖြစ်သလားမမေးနဲ့။ စတိုးဆိုင်ညစောင့်အလိုရှိသည်လို့ ကြော်ငြာထည့်လိုက်တာ။ အဲသည်ညတွင်းချင်းပဲ ဆိုင်အဖောက်ခံရတယ်။
သုံးနှစ်သမီးမှာ ကလေးမွေးတော့
ကိုယ့်မိန်းမက သူ့အသက်ကို လိမ်ပြောနေတယ်လို့တော့ ကိုယ်မပြောရဲဘူး။
ဒါပေမဲ့ ကိုယ်တို့သားအကြီးကောင်ကို ကိုယ့်မိန်းမသုံးနှစ်သမီးမှာ မွေးခဲ့တာလို့ သူက လူတွေယုံကြလိမ့်မယ်ထင်နေတာ။

## ဖစ်မှဖစ်ရလေ

"ကမ္ဘာဦးလူသားအာဒမ်ကတော့ လူနံ့လူအပါပဲကွာ"
"ဒေင်ဥယျာဉ်ထဲမှာ လှပတဲ့ ကိုယ်လုံးတီးအမျိုးသမီးနဲ့တွေ့ဆုံချိန်မှာ သူဘာလုပ်မယ်ထင်သလဲ၊ နမ်းတာ၊ ပွေ့ဖက်တာ၊ ချစ်တာတွေလုပ်တယ်လို့များထင်နေသလား"
"သစ်သီးစားချင်တာတဲ့"

## အစားထိုးစရာ

စာရေးတဲ့ ဘောလ်ပင်ကို သူ့သားအငယ်ကောင် မျိုးချလိုက်ကြောင်း ဆရာဝန်ကို အရေးပေါ်ဖုန်းဆက်ပြီးပြောတယ်။
"ခုချက်ချင်းလာခဲ့မယ်။ ဒါနဲ့အခုခင်ဗျားဘာလုပ်နေလဲ"
"ခဲတံနဲ့ စာရေးနေရတာပေါ့"

ဂျလုံး

# ပေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

June 11th မှ June 17th ကြား

ယှဉ်လာသူများအပေါ် အနိုင်ယူနိုင်မည်။ အခက်အခဲများကင်းစင်သွားမည်။ အလိုပြည့်စုံသွားမည်။ မိတ်ဟောင်းဆွေဟောင်းများထံမှ အထောက်အကူရမည်။ ရည်ရွယ်ချက်အောင်မြင်မည်။ စန်းကောင်းမည်။ မျက်နှာပွင့်လန်းမည်။ လူချစ်လူခင်ပေါ်များမည်။ အပြိုင်အဆိုင် အခက်အခဲများကျော်လွှားပြီး မြင့်မားသော တက်လမ်းကို ဖန်တီးနိုင်မည်။ အစားအသောက်မှားတတ်သည်။ ဆေးထိုးဆေးသောက် မှားယွင်းတတ်သည်။ အလုပ်စီးပွားနှင့်အကြံအစည်ရည်မှန်းချက်များ အောင်မြင်မည်။ လုပ်ကိုင်သမျှ အထင်အရှားဖြစ်မည်။ ဆုံးဖြတ်ချက်မှန်ကန်မည်။ အမျိုးသမီး မိတ်ဆွေအကြီးအကဲတစ်ဦးထံမှ ကောင်းသောအထောက်အကူများ ရရှိမည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

June 11th မှ June 17th ကြား

အပြောင်းအလဲများ ဖြစ်ပေါ်မည်။ ဆောင်ရွက်သည့် လမ်းကြောင်းလုပ်ကိုင်သည့်သဘာဝရုပ်ချည်း ပြောင်းလဲသွားမည်။ မိတ်ကောင်းဆွေကောင်းများ ဝန်းရံလာမည်။ အခက်အခဲများ ဖြေရှင်းနိုင်မည်။ တစ်ပါးသူနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှ ကောင်းသောအကျိုးဆက်ရမည်။ အခက်အခဲနှင့် ကြုံမည်ဟု ယူဆကာ ပြင်ဆင်ထားလင့်ကစား လက်တွေ့တွင် အဆင်ပြေချောမွေ့သွားမည်။ ရန်မနာလိုမှု အနည်းငယ်နှင့် ကျန်းမာရေးအည့် အနည်းငယ်ရှိသည်မှအပ အလုံးစုံအဆင်ပြေမှုများရှိမည်။ လူမျိုးကွဲ အကျိုးပေးမည်။ လုပ်ငန်းအချို့ အဆုံးသတ်ရမည်။ အရပ်ဝေးမှ ကောင်းသတင်းကြားသိရမည်။ မြှုပ်နှံထားသည်များမှ အကျိုးအမြတ်ရမည်။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

June 11th မှ June 17th ကြား

အဘက်ဘက်မှကောင်း၍ စိတ်ချမ်းမြေ့ခြင်း၊ အလိုပြည့်စုံခြင်းများရှိမည်။ ငွေကြေးကံကောင်းမည်။ ဆုံးဖြတ်ချက်မှန်မည်။ ယှဉ်ပြိုင်မှုအောင်မြင်မည်။ ပညာအတတ်နှင့် တိုးတက်မည်။ လူမျိုးကွဲအကျိုးပေးမည်။ စုပေါင်းလုပ်ငန်းများအဆင်ပြေမည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ တနင်္လာနေ့၊ သောကြာနေ့မွေး သူများကြောင့် အလုပ်အကြံအစည်များနှောင့်နှေးမည်။ အလွန်စန်းကောင်းမည်။ အိမ်ထောင်သည် အမျိုးသားများအဖို့ အသွားအလာဂရုစိုက်ပါ။ အပေါင်းအသင်း၊ အပျော်အပါးရောထွေး၍ အိမ်ထောင်ရေး တွင် ခြေလှမ်းမှားတတ်သည်။ နိုင်ငံရပ်ခြားနှင့် ဆက်နွယ်ပြီး ဆောင်ရွက်သောကိစ္စများ အထူးအကျိုး ပေးမည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

June 11th မှ June 17th ကြား

သုခချမ်းသာနှင့် စိတ်အေးချမ်းစရာများ ဖြစ်ပေါ်ထွန်းမည်။ မင်္ဂလာကိစ္စများပါဝင်ပတ်သက်ရမည်။ ဖြစ်ပေါ် နေသောပြဿနာများကို ဖြေရှင်းနိုင်မည်။ အရပ်ဝေးတွင် ရောက်ရှိနေသူထံမှ စိတ်ချမ်းမြေ့စရာများ ကြား သိကြုံတွေ့ရမည်။ စနစ်တကျလုပ်ခြင်းဘက်သို့ ဦးတည်ချက်ထား၍ လုပ်ရာမှ တိုးတက်မှုရမည်။ မိတ်ဆွေ ကောင်းအကူအညီရမည်။ အတိုက်အခံကျော်လွှားနိုင်မည်။ မေတ္တာရေး ကံကောင်းမည်။ အရပ်ဝေးနှင့် ဆက်သွယ်ပြီး ဆောက်ရွက်သောကိစ္စများ အဆင်ပြေမည်။ တစ်ခုထက်မကသောလုပ်ငန်းများ လုပ်ကိုင် ရမည်။ ငွေကြေးကံကောင်းမည်။ ငွေမြှုပ်နှံမှုများမှ ကောင်းသောအကျိုးအမြတ်များ ရရှိအဆင်ပြေမည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

June 11th မှ June 17th ကြား

ဝိုင်းဝန်းတိုက်ခိုက်၊ အနှောင့်အယှက်ပြုပိတ်ဆို့နေသည့်ကြားမှ ထိုးဖောက်၍ တိုးတက်ခြင်းများကို ကြုံမည်။ အပြောင်းအလဲများ ဖြစ်ပေါ်လာမည်။ အခက်အခဲများစွာကို ဖြေရှင်းနိုင်မည်။ မတော်တဆထိခိုက်မှု အန္တရာယ်ဂရုစိုက်ရမည်။ ဆိုင်ကယ်၊ စက်ဘီးစီးသောအခါ အနက်ရောင်ဝတ်ဆင်၍ စီးနင်းခြင်းရှောင်ပါ။ လူငယ်များအဖို့ တစ်ပါးသူနောက်ပိုး ပိုးသည့်နေရာသို့ အဖော်လိုက်ပြီး ခိုက်ရန်ပြဿနာဖြစ်တတ်သည်။ လူလွတ်များအဖို့ သူတစ်ပါး ကြွေးတောင်းသည့်နောက် အဖော်လိုက်ရင်း ပြဿနာဖြစ်ကာ သက်သေလိုက် ရမည်။ အသက်ကြီးသူများအဖို့ဆွေမျိုးရေးကိစ္စ ဖြေရှင်းရန်သွားလာရင်းချော်လဲကာ အဆစ်လွဲ၊ အရိုးအက် ခြင်းများ ဖြစ်တတ်သည်။ လုပ်ငန်းခွင်တွင် အခါတိုင်းထက်ပို၍ ဆောင်ရွက်အောင်မြင်မည်။ လာဘ်ပွင့်မည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

June 11th မှ June 17th ကြား

စီမံရည်ရွယ်ထားသည့်ကိစ္စများကို လက်တွေ့အကောင်အထည်ဖော်သောအခါ အနှောင့်အယှက်များခြင်း၊ ဖရိုဖရဲကစဉ့်ကလျားကြုံမည်။ အပြိုင်အဆိုင်ပြုသူများနှင့် ထိပ်တိုက်တွေ့မည်။ ဆွေမျိုးရေးရာကိစ္စ၊ မောင်နှမသားချင်းကိစ္စအတွက် စိတ်ပင်ပန်းလူပင်ပန်းဖြစ်မည်။ မြှုပ်ကွယ်ထားသောအတိတ်ကာလမှ ပြဿနာဟောင်းများ ပြန်ပေါ်တတ်သည်။ ခရီးသွား၍ အကျိုးရှိမည်။ နေရာပြောင်း၍ တိုးတက်မည်။ လူမျိုးကွဲနှင့် ပတ်သက်သောကိစ္စမှ ကောင်းသောအကျိုးဆက်ရမည်။ ငွေမချေးရ၊ ဆုံးမည်။ တစ်ပါးသူကိစ္စကြားဝင်၍ တာဝန်ယူခြင်း၊ အာမခံခြင်းများရှောင်ပါ။ အမှုအခင်းပြဿနာသတိရှိပါ။ အဖိုးတန်ကြေးမကြီးလင့်ကစား အမြတ်တနိုးထားသော ပစ္စည်းများပျက်စီးခြင်း (သို့မဟုတ်) ပျောက်ခြင်းကြုံမည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

June 11th မှ June 17th ကြား

ကတိစကားပေးပြီး လက်တွေ့မတည်သော သူများနှင့်တွေ့မည်။ အခါတိုင်းတွင် မိမိအား ကောင်းစွာ အထောက်အကူပြုသူများပင် ပြဿနာအပြောင်းအလဲများကြုံ၍ လုပ်ရိုးလုပ်စဉ်များပင် နှောင့်နှေးနေမည်။ အခက်အခဲများ အတိုက်အခံများကို ဖြေရှင်းနေဆဲ ရန်သစ်ပွားတတ်သည်။ ကိုယ်ကလည်း သူတစ်ပါးကို ငွေမချေးပါနှင့်။ ပြန်တောင်းရခက်မည်။ တစ်ပါးသူထံမှလည်း ကိုယ်ကငွေမယူပါနှင့်။ ပြန်ပေးရခက်လိမ့်မည်။ အိမ်တွင်းရေး၊ လူမှုရေးကိစ္စများပေါ့ပေါ့တန်တန်မရှိသင့်။ အချိန်ယူဖြေရှင်းရမည်။ လုပ်ကြံလီဆယ်၍ အရည်မရအဖတ်မရပြောကာ ပြဿနာဖြစ်အောင် ပြုသောသူရှိမည်။ ကတုံးကတိုက်ပြောသူကြောင့် လူမှုရေးအရှုပ်အထွေးများ ဖြေရှင်းရမည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

June 11th မှ June 17th ကြား

ပျိုရွယ်သူများအဖို့ လူချစ်လူခင်ပေါ်များခြင်းကြုံကာ ရုတ်တရက်အိမ်ထောင်ကျခြင်းကြုံမည်။ အလုပ်ကိစ္စ၊ စီးပွားရေးကိစ္စများတွင် ကိုယ်ဆောင်ရွက်သလောက် ထွန်းထွန်းပေါက်ပေါက်နှင့် တိုးတက်မည်။ အခါတိုင်းထက်ပို၍ ငွေဝင်မည်။ ပုံစံသစ်၊ လုပ်ငန်းသစ်များ ဖွဲ့စည်းပြီး ရှေ့တိုးဆောင်ရွက်ရာမှ ကောင်းသောအကျိုးဆက်များရမည်။ အခက်အခဲအားလုံးကို ဖယ်ရှားနိုင်မည်။ လုပ်ငန်းခွင်မှ သူများအလုပ်အဆင့်၊ ဝင်ငွေအဆင့်တိုးတက်မည်။ သင်တန်းနှင့်ပတ်သက်သည်များကြုံမည်။ အိမ်အနီးအပါး၌ လူသစ်များပြောင်းလဲနေထိုင်ခြင်းပြုကာ အလွန်ကောင်းသောနိမိတ်ဖြစ်သည်။ ထိုအိမ်နံပါတ်ကို အသုံးပြု၍ ထီထိုးနိုင်သည်။ ခရီးကိစ္စဆောင်ရွက်အဆင်ပြေမည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

June 11th မှ June 17th ကြား

မိဘအကြီးအကဲကျန်းမာရေး ဂရုစိုက်ရမည်။ စီးပွားရေးကိစ္စများတွင် ဆောင်ရွက်သမျှ အောင်မြင်မည်။ အပင်ပန်းခံ၍ ဆောင်ရွက်ထားသည်များမှ ကောင်းသောအကျိုးဆက်ရမည်။ ကိုယ့်အပေါ် အနှောင့်အယှက် ပေးသူများကို ဖယ်ရှားကျော်လွှားနိုင်မည်။ စာရွက်စာတမ်း၊ ငွေကြေးကိစ္စတို့တွင် သတိရှိရမည်။ အမှား အယွင်းများ၊ အခက်အခဲများ ကြုံနိုင်သည်။ သူတစ်ပါးကို ကူညီနိုင်သလောက် ကူညီပါ။ ကတိမပေးပါနှင့်။ ကတိစကားကို ထိန်းသိမ်းရန်ခက်မည်။ အမည်အတွင်း (အ၊ဉ၊စ၊ဇ၊ည) ပါသောသူများ ဒုက္ခရောက်နေ၍ မိမိထံအကူအညီတောင်းလိမ့်မည်။ ၎င်း၏ပြဿနာအပူများ မိမိထံရောက်ရှိလာနိုင်သည်။ ငွေကြေးအပေး အယူသတိရှိပါ။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

June 11th မှ June 17th ကြား

ကာလအတော်အတန် စေ့စေ့ကုတ်ကုတ်စုထားသောငွေများကို အစုလိုက်၊ အပုံလိုက်သုံးစွဲရကိန်းရှိမည်။ မသုံးရက်၊ မစားရက်စုဆောင်းထားသည့် ရည်ရွယ်ချက်တစ်မျိုး လက်တွေ့သုံးစွဲရသည်ကတစ်မျိုးဖြစ်မည်။ ဖြစ်လိုသောအကြောင်းအရာအချို့ကို မေ့ပျောက်၍ ဖြစ်ပေါ်နေသည့်အတိုင်း ရှေ့တိုးဆောင်ရွက်သင့်သည်။ ကတိစကားအမျိုးမျိုးပေးပြီး လက်တွေ့ကတိမတည်သော သူများနှင့်တွေ့မည်။ ပိုင်ဆိုင်သောပစ္စည်းများ အား တစ်ပါးသူမှ ဌားရမ်းယူငင်ဖျက်ဆီးတတ်သည်။ နေအိမ်တွင် လူအဝင်အထွက်များပြီး အပျက်အစီး၊ အပျောက်အရှများမည်။ သူခိုးသူဝှက်အန္တရာယ် သတိရှိပါ။ အိမ်သို့ ယခင်ကအလုပ်ဆင်းဖူးသော လက်သ မား သို့မဟုတ် ပန်းရံမှ သူခိုးလက်ထောက်ချခြင်းပြုမည်။ ပစ္စည်းအထားအသိုရှေ့လျားပါ။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

June 11th မှ June 17th ကြား

အိမ်တွင်းရေး၊ လူမှုရေးအညံ့အဆိုးများ ရင်ဆိုင်ဖြေရှင်းရမည်။ စိတ်လိုက်မာန်ပါပြောဆိုခြင်း၊ စိတ်အလောကြီးခြင်းများလျှော့ပါ။ စိတ်လှုပ်ရှား၊ အမျက်ပွားစေပြီး အမှားအယွင်းပြုစေကာ ချောက်ချ၊ အခွင့်အရေးယူသူများ ဝန်းရံနေမည်။ အပိုစကားပြောဆိုခြင်းများလျှော့ပါ။ ကိုယ်ဆောင်ရွက်မည့်အလုပ်အကြံမှန်သမျှ သိုသိုသိပ်သိပ် ဆောင်ရွက်ပါ။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စရောထွေးမှုမရှိအောင် ဆောင်ရွက်ပါ။ ကြန့်ကြာနေသော ရပိုင်ခွင့်များပြန်လည် တောင်းဆိုရန် ဝန်မလေးသင့်။ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စအားလုံး ဆောင်ရွက်၍အဆင်ပြေမည်။ အရပ်ဝေးတိုင်းတစ်ပါးနှင့် ပူးပေါင်းဆက်သွယ်လုပ်သော ကိစ္စများမှကောင်းသော အကျိုးဆက်ရရှိမည်။ အချစ်ရေး၊ မေတ္တာရေးအညံ့ရှိမည်။ အိမ်တွင်းရေးပဋိပက္ခဖြစ်မည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

June 11th မှ June 17th ကြား

အခက်အခဲများကို ကျော်လွှားပြီး အလိုရှိရာဆောင်ရွက်၍ တက်လမ်းများကြုံမည်။ ကာလအတန်ကြာဖြစ်လိုသော ရည်ရွယ်ချက်များကို လက်တွေ့ဆောင်ရွက်၍ အကျိုးရှိမည်။ အတတ်ပညာနှင့် ဆောင်ရွက်ခြင်းများမှ ထူးခြားသော အကျိုးဆက်ရမည်။ ပြဿနာများ ဖြေရှင်းနိုင်မည်။ မိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူရမည်။ ကာလအတန်ကြာဝေးကွာနေသောသူများနှင့် ပြန်လည်တွေ့ဆုံရမည်။ အဖွဲ့အစည်းကိစ္စ၊ အများကိစ္စ ပါဝင်ပတ်သက်ရမည်။ မိတ်ဆွေတစ်ဦး၏ နာရေးကိစ္စများ လိုက်လံဆောင်ရွက်ပေးရမည်။ ဝေးလံသောအရပ်မှ မိတ်ဆွေများနှင့် ပေါင်းစည်း၍အလုပ်ကိစ္စများ ဆောင်ရွက်အောင်မြင်လိမ့်မည်။

# အားကစား

## ဘောလုံး အကယ်ဒမီ မေလ တတိယပတ် ဖွင့်မည်

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မန္တလေးမြို့ရှိ ဘောလုံး အကယ်ဒမီကို မေလ တတိယပတ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အဆိုပါ ဘောလုံးအကယ်ဒမီမှ ကျောင်းအုပ်ကြီး ဦးစိုးညွန့်က ပြောကြားသည်။ ၁၅ ဧက ကျယ်ဝန်းသည့် ဘောလုံးအကယ်ဒမီတွင် သုံးထပ်ဆောင် ပါရှိပြီး ဘောလုံး အသင်း သုံးသင်းစာ နေနိုင်သည့် အဆောင်၊ လူ ၁၂၀ စားသောက် နိုင်သည့် စားဖိုဆောင်၊ မီးဖိုခန်းတို့ ပါရှိသည်။ နည်းပြများအတွက် အဆောင်သီးသန့် ပါရှိပြီး အထူးဧည့်သည်များ အတွက်လည်း သီးသန့်အခန်း ထားရှိသည်။ ထို့ပြင် စာသင်ဆောင်၊ ကာယကြံ့ခိုင်မှု လေ့ကျင့်ဆောင်၊ အစည်းအဝေးခန်းမ စသည်တို့လည်း ပါရှိသည်။ "ဒီအဆောက်အအုံကို ကနဦးက ရောရွှေဝါ ကုမ္ပဏီက တာဝန်ယူခဲ့ပြီး ရေမီး၊ landscaping ပိုင်းတွေကို Max ကုမ္ပဏီက တာဝန်ယူခဲ့ပါတယ်။ ဖွင့်ပွဲရက်ကို မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်က သတ်မှတ်မယ့် ရက်ကိုပဲ ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ၂၁ ရက်နေ့လို့ပဲ ခန့်မှန်းထားရတာပါပဲ" ဟု ပြောကြားသည်။ အဆိုပါ ဘောလုံး အကယ်ဒမီအတွက် ၁၁ နှစ်အောက် အယောက် ၃၀၊ ၁၃ နှစ်အောက် အယောက် ၃၀၊ ၁၅ နှစ်အောက် အယောက် ၃၀၊ ရွေးချယ် ထားပြီးဖြစ်ကာ နိုင်ငံခြား နည်းပြချုပ်တစ်ဦး၊ မြန်မာ နည်းပြသုံးဦးတို့က တာဝန်ယူ သင်ကြားပေးမည့်အပြင် မြန်မာ့ ဘောလုံး လက်ရွေးစင် အဖြစ် မွေးထုတ်ရန် ရည်စူး ဆောင်ရွက်ထားကြောင်း သိရသည်။ အဆိုပါ ဘောလုံးအကယ်ဒမီသည်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်သိပ္ပံလမ်း တောင်ဘက်၌ တည်ရှိကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၁ ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖီဖာမှ အမျိုးသမီး ဘောလုံးကျွမ်းကျင်သူ လာရောက် အကူအညီပေးမည်

မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)မှ အမျိုးသမီး ဘောလုံးရေးရာ ကျွမ်းကျင်သူ ဂျာမနီနိုင်ငံသူ Mrs. Monika Staab သည် ရန်ကုန်မြို့သို့ မေ ၂၄ ရက်မှ ၃၁ ရက်အထိ လာရောက်ပြီး လိုအပ်သည့် ဆွေးနွေး သင်ကြား ကူညီမှု များ ပြုလုပ်သွားမည် ဖြစ်သည်။ မြန်မာအမျိုးသမီး လက်ရွေးစင် အသင်းများနည်းတူ အမျိုးသမီးအသင်းများကိုလည်း နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရရှိစေရန် ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်နေသော မြန်မာ နိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် FIFA ထံသို့ မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများ ပေးရန် ဆက်သွယ် တင်ပြ တောင်းခံ ခြင်းကြောင့် ဂျာမနီ အမျိုးသမီး လက်ရွေးစင် ကစားသမားဟောင်းနှင့် နည်းစနစ် ညွှန်မှူးဟောင်းဖြစ်သူ FIFA Women Football Instructor Mrs. Monika Staab အားယခုကဲ့သို့ မြန်မာနိုင်ငံသို့ စေလွှတ်ခြင်း ဖြစ်သည်။ ၂၀၀၇ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ဖူးသည့် Mrs. Monika Staab သည် ရန်ကုန်မြို့၌ ရောက်ရှိနေစဉ်အတွင်း မြန်မာ့ လက်ရွေးစင် အမျိုးသမီးအသင်း၊ လူငယ် လက်ရွေးစင်အသင်းနှင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တက္ကသိုလ် လက်ရွေးစင်အသင်းများ၏ လေ့ကျင့် ပြင်ဆင်မှုများ၊ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုအခြေအနေများကိုစစ်ဆေး ကြပ်မတ် အကြံပြုမှုများ ပြုလုပ်သွားမည့်အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်း မြန်မာ့အမျိုးသမီး ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်အလက်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်မည် ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာမျိုးဆက်သစ် လူငယ် ဂေါက်သီးသမားများ နိုင်ငံတကာ ပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်လျက်ရှိ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ဂေါက်သီး အားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် မြန်မာမျိုးဆက်သစ် လူငယ်ဂေါက်သီး အားကစား သမားများအား နိုင်ငံတကာပြိုင်ပွဲများသို့ စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက် ရှိသည်။ မေလ ၁၄ ရက်မှ ၁၆ ရက်အထိမလေးရှားနိုင်ငံ Seremban International Golf Club ၌ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ နေဗလဝင်းမြင့်၊ ရန်မျိုးအေးနှင့် ယဉ်မေမျိုးတို့ပါဝင်သော ဂေါက်သီးအားကစားအဖွဲ့သည်လည်းကောင်း၊ မေ ၂၀ ရက်မှ ၂၃ ရက်အထိမလေးရှားနိုင်ငံ Damai Laut Golf & Country Club တွင်ကျင်းပမည့် 108th Malaysian Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ ဦးစိုးကျော်နိုင်နှင့်ဦးဆန်းထွန်းတို့ဦးဆောင်ကာကစားသမားများအဖြစ် နေဗလဝင်းမြင့်၊ရန်မျိုးအေး၊ စိုးမိုးဝင်း၊ ယဉ်မေမျိုး၊ မောင်မောင်ဦးနှင့် ရဲထက်အောင်တို့ ပါဝင်သော အဖွဲ့သည် လည်းကောင်း၊ မေ ၂၅ ရက်မှ ၂၇ ရက်အထိ မလေးရှားနိုင်ငံ Saujana Golf & Country Club တွင် ကျင်းပမည့် Kurina Saujana Amaterur Open Golf Championships 2010 ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ မေ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ Seremban Internat -ional Golf Club ၌ ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီး ချန်ပီယံရှစ် ပြိုင်ပွဲ၌ မယဉ်မေမျိုးက (၇၄)ချက်၊ (၇၆)ချက်၊ (၇၄)ချက် စုစုပေါင်း (၂၂၄) ချက်ဖြင့် ပထမဆုရရှိခဲ့ကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## ၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဝင်ရန် မြန်မာအသင်း တရုတ်နိုင်ငံသို့ ထွက်ခွာ

၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၁၇ရက်နေ့က လေကြောင်းခရီးဖြင့် ပြိုင်ပွဲကျင်းပမည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။ မေ ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အဆိုပါ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)၌ပါဝင်ပြီး မြောက်ကိုရီးယား၊ဂျပန်၊ ထိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေရာ မေ ၂၀ ရက်တွင် ဂျပန်အသင်း၊ မေ ၂၂ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် မေ ၂၄ ရက်တွင် ထိုင်းအသင်းတို့ နှင့် အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ အုပ်စု(ခ)တွင် အိမ်ရှင်တရုတ်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် ဗီယက်နမ်တို့ ပါဝင်ပါသည်။ မြန်မာအသင်းမှာ ထိုင်းနှင့် ဗီယက်နမ်တို့ နည်းတူ ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ယင်းခြေစစ်ပွဲတွင် ဂျော်ဒန်ကို သုံးဂိုး - ဂိုးမရှိ၊ တရုတ်(တိုင်ပေ)ကို ငါးဂိုး-နှစ်ဂိုးတို့ဖြင့် နိုင်ကာအုပ်စုပထမဖြင့် ယခုပြိုင်ပွဲသို့ဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် နည်းပြချုပ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဦးမျိုးမြင့်ထွေး၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ အသင်းဆရာဝန် ဒေါက်တာခင်စောရီနှင့် ကစားသမားအဖြစ် ဂိုး- မေခင်ယမင်း၊ သင်းသင်းစိုး၊ နောက်တန်း- မြင့်မြင့်အေး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ နန်းနှင်းနှင်းထွေး၊ နေဇာလင်းလင်းအောင်၊ မိုးမိုးဝါ၊ အလယ်တန်း- သူဇာထွေး၊ စန်းယုနိုင်၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ အေးအေးမာ၊ သန္တာမိုး၊ ခင်မိုးဝေ၊ ရှေ့တန်း- မိုင်နီလာထွေး၊ မာဂရက်မေရီ၊ ခင်မာလာထွန်း၊ ရီရီဦးနှင့် နော်အေးလိုဝါးဖောစသည့်ကစားသမား(၂၀) ဦး လိုက်ပါ သွားကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

# အနုပညာ

## ထွက်နေတဲ့ ကောလဟာလတွေက တစ်ခုမှ မဟုတ်ပါဘူးဆိုတဲ့ ဝတ်မှုန်ရွှေရည်

မေး- ဝတ်မှုံအခုလတ်တလော လုပ်ဖြစ်နေတဲ့ အနုပညာလှုပ်ရှားမှုလေးတွေကို ပရိသတ်သိအောင် ပြောပြပေးပါဦး။

ဖြေ- အခုရိုက်နေတာက "အန်ကယ်ဖေဖေ" ဆိုတဲ့ ဟာသဗီဒီယိုကားလေး လက်ရှိရိုက်နေပါတယ်။ ဒီကားလေးမှာ အဖေနဲ့သမီးဟာသလေးပေါ့။ အဖေက ရုပ်ချင်တော့ သားအဖမှန်းမသိအောင် ညာထားတယ်၊ သမီးကလဲ ကောင်လေးနဲ့တွေ့ပြီး အဖေကို ညာထားတဲ့ကားလေးပါ။

မေး- ပြည်ပခရီးတွေရော . . . အနုပညာလှုပ်ရှားမှုအနေနဲ့သွားဖို့အစီအစဉ်တွေရှိပါသလား။

ဖြေ- အရင်က ဗန်ကောက်မှာကြော်ငြာသွားရိုက်ပါတယ်။ အခုတော့ ဒီမှာပဲဇာတ်ကားတွေ၊ ကြော်ငြာတွေ ရိုက်နေပါတယ်။ နိုင်ငံခြားခရီးစဉ်တော့ မရှိသေးပါဘူး။ အလုပ်တွေအားတဲ့အခါမှာ အလည်အပတ်အနေနဲ့ သွားမယ်လို့တော့ စဉ်းစားထားပါတယ်။

မေး- ဝတ်မှုံက အနုပညာလောကထဲကို မော်ဒယ်အနေနဲ့ လှုပ်ရှားမှုတွေများခဲ့တယ်နော်။ ဒီတော့ အခုသရုပ်ဆောင်ဘက်ကို ရောက်လာတော့ ကိုယ့်အတွက် ခက်ခဲတယ်လို့ ထင်မိလား။

ဖြေ- အခက်အခဲကတော့ အနည်းအကျဉ်းတော့ရှိပါတယ်။ ဒါပေမဲ့ ကိုယ်ကလဲ ဒီအလုပ်မှာ ဘယ်အရာမှတော့ ရှောရှောရှူရှူနဲ့ အဆင်ပြေတယ်လို့တော့ မရှိဘူးပေါ့နော်။ ဒါပေမယ့် ကိုယ့်အတွက် အချိန်ပိုပေးလိုက်တော့ အဆင်ပြေသွားတာပေါ့နော်။

မေး- ဒီလိုတွေရှိတော့ စိတ်ဓာတ်ကျတာမျိုးဖြစ်မိလား။

ဖြေ- အရမ်းပင်ပန်းတယ်လို့တော့ ခံစားရတယ်။ ဒါပေမဲ့ ငါဒီအလုပ်ကို ဆက်မလုပ်တော့ဘူးလို့တော့စိတ်ဓာတ်ကျသွားတာမျိုးတော့ မဖြစ်မိဘူး။ ဒီအလုပ်ကို သမီးပျော်နေသရွေ့၊ ဖက်တွယ်လို့ရနေသရွေ့၊ ပရိသတ်အားပေးနေသရွေ့ ကြိုးစားလို့ရသမျှ ကာလပတ်လုံး လုပ်ဖြစ်နေမှာပါ။

မေး- ကိုယ်တိုင်ရောလုပ်ချင်တဲ့ကာရိုက်တာမျိုးရှိရင် ပြောပြပေးပါလား။

ဖြေ- ကာရိုက်တာကတော့ အစုံလုပ်ချင်တယ်။ ကာရိုက်တာ ဆန်းဆန်းလေးဆို ပိုစိတ်ဝင်စားတယ်။

မေး- ဝတ်မှုံကသရုပ်ဆောင်တဲ့အခါမှာ ဖန်စီဇာတ်လမ်းလေးတွေ ပိုများတယ်နော်။ ဒီတော့ ဒရာမာဇာတ်လမ်းတွေကို ပိုင်ပိုင်နိုင်နိုင် သရုပ်ဆောင်နိုင်မယ်လို့ ထင်မိပါသလား။

ဖြေ- သမီးဒရာမာကားတွေ ရိုက်ထားတာလေးကားလောက်ရှိပါပြီ။ သမီးက ဖန်စီနဲ့ဒရာမာကို မျှပြီးရိုက်ဖြစ်ပါတယ်။ ရုပ်ရှင်ကားကြီးလဲ နှစ်ကားရိုက်ထားပါတယ်။

မေး- ဝတ်မှုံသတင်းတွေကို တော်တော်ကျော်ဖြတ်ခဲ့ရတယ်နော်။ ဘယ်လိုအင်အားတွေသုံးခဲ့ရပါသလဲ။

ဖြေ- အင်း - သမီးကောလဟာလကို ခေါင်းထဲသိပ်မထည့်ဖြစ်ဘူး။ ကိုယ်လုပ်နေတဲ့အလုပ်တွေကိုပဲ အကောင်းဆုံးဖြစ်အောင် လုပ်နေတယ်။ ကောလဟာလနဲ့ပတ်သက်ပြီး ဘာမှမဟုတ်ဘူး။ ထွက်နေတဲ့ကောလဟာလတွေကလဲ တစ်ခုမှ မဟုတ်ပါဘူး။ တစ်ခါတလေသူများတွေကသာ ပြောနေကြတာ၊ ကိယ်က ဘာမှန်းတောင်မသိတာတွေလဲရှိပါတယ်။ ဒါပေမဲ့ ပရိသတ်တော်တော်များများကလဲ နားလည်ကြပါတယ်။

မေး- အချစ်ရေးမှာ စိတ်ညစ်စရာတွေကြုံရလား။ ကိုယ့်ရဲ့ဖူးစာဖက်ကိုရော ကြိုတင်မျှော်လင့်ထားပါသလား။

ဖြေ- အချစ်ရေးက အေးဆေးပါပဲ၊ စိတ်လဲမညစ်ရပါဘူး။ ဒီလိုပါပဲ (ရယ်လျက်)။ ဖူးစာဖက်ကို ကြိုတင်မျှော်လင့်ထားတာမျိုးမရှိပါဘူး၊ ဖူးစာပဲပေါ့နော်။ ဖူးစာပါရင်တော့ ညားကြမှာပါပဲ။

(၂၀၁၀ခုနှစ် ဖွန်လ ၁၀ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်)

## ဝုန်းဒိုင်းအောင်မြင်မှုမျိုးမကြိုက်တဲ့ ခင်လေးနွယ်

မေး- ခင်လေးနွယ်အခုနောက်ပိုင်းမှာ ဇာတ်ကားတွေ ပိုပိုပြီး အရိုက်များလာတယ်နော်။

ဖြေ- ဟုတ်ကဲ့။ အရင်ကထက်စာရင် နည်းနည်းများလာတယ်လို့ပြောရမှာပေါ့။

မေး- အချို့ဆို ရှောင်တဲ့ဇာတ်ရုပ်တွေရှိတယ်၊ ခင်လေးနွယ်ရော ရှောင်တဲ့ဇာတ်ရုပ်မျိုးရှိသလား။

ဖြေ- မရှောင်ပါဘူး။ ကိုယ်နဲ့သင့်တော်ရင်တော့ အကုန်ရိုက်ပါတယ်။ သရုပ်ဆောင်ဆိုတာက လိုက်တာ၊ မလိုက်တာထက် ကိုယ့်သရုပ်ဆောင်မှုပေါ်လွင်အောင် အကောင်းဆုံးကြိုးစားရပါမယ်။

မေး- တစ်ခုမေးရဦးမယ်။ ခင်လေးနွယ်က အောင်မြင်မှုလမ်းကြောင်းပေါ်ရောက်နေတယ်။ ဒါပေမယ့် အရမ်းကြီး ဝုန်းဒိုင်းအောင်မြင်မှုမျိုးမဟုတ်ဘဲ၊ ဖြည်းဖြည်းမှန်မှန်အောင်မြင်မှုမျိုးနော်။ ကိုယ့်ကိုယ်ကိုယ်ရော ဘယ်လိုမြင်သလဲ။

ဖြေ- သမီးလည်း ကိုယ့်ကိုယ်ကိုယ် ဝုန်းဒိုင်းကြီး အရမ်းအောင်မြင်တယ်လို့ မထင်ပါဘူး။ ပြီးတော့ ကိုယ်တိုင်ကလည်း ဝုန်းဒိုင်းဆိုတာထက် ပရိသတ် ဖြည်းဖြည်းမှန်မှန်သိတဲ့ ပုံစံမျိုးပဲကြိုက်ပါတယ်။ ဒါပေမယ့် ဒီလိုပုံစံကို ကျေနပ်သလားမေးရင်၊ မကျေနပ်နိုင်သေးပါဘူး။ အနုပညာလမ်းထဲမှာ ဆက်လျှောက်ရဦးမယ်။ ဆက်ကြိုးစားရပါဦးမယ်။

မေး- ပြီးတော့၊ ဖက်ရှင်တွေလည်း ပြောင်းလဲလာတယ်နော်။ ပရိသတ်ကလည်း ခင်လေးနွယ်က ပိုလှလာတယ်တဲ့။

ဖြေ- ဟယ် တကယ်လား။ ခုလိုပြောတာ ကျေးဇူးပါပဲ။ ဖက်ရှင်ပြောင်းလာတာတော့ အမှန်ပါပဲ။ ကိုယ်က ဒီလမ်းထဲမှာ လျှောက်လာတာကြာပြီ။ ဖက်ရှင်က ဒီပုံစံပဲ တစ်သမတ်တည်းပဲဆိုရင် ပရိသတ်ငြီးငွေ့သွားမယ်လေ။ ဒီတော့ Up to Date ဖြစ်တဲ့ ဖက်ရှင်အပေါ် အခြေခံပြီး ကိုယ်နဲ့ လိုက်တာလေးတွေကို ဝန်ရတာပေါ့။ အဲဒီလိုပြောင်းတဲ့အပေါ် အများစုက လိုက်တယ်လို ပြောကြပါတယ်။(ရယ်လျက်)။ နောက်တာနော်။

(၂၀၁၀ခုနှစ် ဖွန်လ ၁၃ရက်နေ့ 24/7 News ဂျာနယ်)